# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၂၂၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲ နောက်ဆုံးနေ့အဖြစ် သဘင်အစည်းအရုံးမှ ဖျော်ဖြေတင်ဆက်



ရန်ကုန် မေ ၁၂

မန္တလေးငလျင်ကြီး ဘေးဒဏ်ကြောင့် ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲ နောက်ဆုံးနေ့အဖြစ် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမျိုးသားကဇာတ်ရုံကြီး၌ ယနေ့သဘင်အစည်းအရုံးက ဖျော်ဖြေတင်ဆက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူများ အားပါးတရ ကြည့်ရှုအားပေးကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ ❏



**ယနေ့ ဖတ် စ ရာ**

မြေငလျင်အပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်မည့် ငွေကြေးအင်အားများနှင့် စနစ်များ — ဆောင်းပါး — စာ ၆

ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်း အစီအစဉ် ဖွင့်ပွဲအခမ်းအနားကျင်းပ — ပြည်တွင်းသတင်း — စာ ၉

သူတို့ကို အပြင်မှာပဲ ခေါ်သာထား — ဆောင်းပါး — စာ ၁၀

နမ့်ပွန်းကြိုးပြင်ကာကွယ်တော သတ်မှတ် — ပြည်တွင်းသတင်း — စာ ၁၁


# ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံပြိုင်ပွဲများပြုလုပ်

## အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းသင်တန်းများမှ ထူးချွန်ဆုရသင်တန်းသားများ လေယာဉ်/ရဟတ်ယာဉ်များလိုက်ပါပျံသန်း

နေပြည်တော် မေ ၁၂

တပ်မတော်(ရေ)က ၂၀၂၅ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် ရန်ကုန်မြို့ရှိ တပ်မတော်(ရေ)၊ လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ စခန်းပေါင်းစုံရေတပ်သား အချက်ပြ ဆက်သွယ်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လှေလှော်ရွက်တိုက်ပြိုင်ပွဲများကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများက တက်ရောက် ကြည့်ရှုအားပေးကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ ◆







## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၅) ကျင်းပ

**နေပြည်တော် မေ ၁၂**

သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center-DMC)၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် ဦးစိုးကြည်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဒုတိယ ဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ငလျင်ဒဏ်သင့် ဒေသများတွင် ပြန်လည်နေရာ ချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများအလိုက် Container Office နှင့် House များ တောင်းခံထားသည်များကိုလည်း အချိန်မီစိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအတွက် ယာယီတည်းခိုရေးစခန်းများ တည်ဆောက်ပေးခဲ့ပြီး လက်ရှိအချိန်တွင် အဆင်ပြေစွာ နေထိုင်လျက်ရှိကြောင်း၊ ယာယီဘာရှာများကို ဝန်ကြီးဌာနအလိုက် သေချာစွာစိစစ်၍ လိုအပ်သည့်အရေအတွက်ကိုသာ ဆောက်လုပ်ကြစေလိုကြောင်း၊ မြေနေရာရွေးချယ်မှုနှင့် ရေ၊ မီး၊ မိလ္လာကိစ္စများကို ကောင်းမွန်အဆင်ပြေအောင် စီစဉ်ပေးကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဝန်ကြီးဌာနများသို့ Container Office များ ဦးစားပေး အစီအစဉ်အလိုက် ချထား ဆောင်ရွက်ပေးနေမှု၊ Container House များ ရောက်ရှိဖြန့်ခွဲဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနေထိုင်နိုင်ရန် ယာယီဘာရှာအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ထပ်မံလိုအပ်မှုအခြေအနေများ၊ ယာယီနေထိုင်နိုင်မည့် Container House နှင့် ယာယီရုံးခန်းများအဖြစ် အသုံးပြုမည့် Container Office များရရှိ၍ ဝန်ကြီးဌာနပိုင် မြေနေရာများ၌ နေရာချထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၂**

မန္တလေးငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ(၁)၊ နေပြည်တော်မသန်စွမ်းသူများ အသင်းဥက္ကဋ္ဌနှင့် မသန်စွမ်းသူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ငလျင်ကြီးကြောင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မသန်စွမ်းသူ ၁၁၆၇ ဦး ငလျင်ဘေးခံစားခဲ့ရသည်ကို သိရှိရကြောင်း၊ သဘာဝဘေးကြုံတွေ့ချိန်တွင် မသန်စွမ်းသူများသည် ပိုမိုထိခိုက်လွယ်သည့် အခြေအနေရှိသူများ ဖြစ်သောကြောင့် ၎င်းတို့၏ လတ်တလောသက်သာချောင်ချိရေး တစ်စိတ်တစ်ပိုင်း အထောက်အပံ့ ဖြစ်စေရန်အတွက် ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်းသူများကို အထူးအခြေအနေ တစ်ရပ်အဖြစ် ထောက်ပံ့ရခြင်း ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေဆပ်ကော်မတီကို ဖွဲ့စည်းထားရှိပြီး မသန်စွမ်းမှုအမျိုးအစားအလိုက် ဘေးအန္တရာယ် မဖြစ်ပွားမီ၊ ဘေးအန္တရာယ်ဖြစ်ပွားစဉ်နှင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ရင်ဆိုင်ကြုံတွေ့ရမည့် ကိစ္စရပ်များတွင် ကြိုတင်ပြင်ဆင်နိုင်ရန်၊ ထိရောက်စွာ တုံ့ပြန်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးတို့အတွက် "မသန်စွမ်းသူများအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ကယ်ဆယ်ရေးစံလုပ်ငန်းစဉ်" ကို ပြုစုရေးဆွဲလျက်ရှိကြောင်းနှင့် သဘာဝဘေးကြုံတွေ့လာပါက ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရန် မသန်စွမ်းသူများ ပူးပေါင်းပါဝင်နိုင်မည့်အခြေအနေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် အလေးထား ဆောင်ရွက် ပေးလျက်ရှိသည့်အတွက် အဘက်ဘက်မှ ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ငလျင်ဘေးခံစားခဲ့ရသည့် မသန်စွမ်း ကိုယ်စားလှယ်များကို ထောက်ပံ့ကြေးများ ပေးအပ်ပြီး ငလျင်ဒဏ်ခံစားခဲ့ရသည့် ကျန်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မသန်စွမ်းသူများအတွက်လည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း Container House များ နေရာချထားမည့် မြေနေရာ၊ Prefabricated Office များ တပ်ဆင်နေမှုနှင့် တည်ဆောက်ထားသည့် ယာယီအဆောင်များ၌ ဝန်ထမ်းများနေထိုင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၂**

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ထမ်းများ နေထိုင်နိုင်ရန် Container House များ နေရာချထားမည့်မြေနေရာ၊ Prefabri-cated Office များ တပ်ဆင်နေမှုနှင့် တည်ဆောက်ထားသည့် ယာယီအဆောင်များ၌ ဝန်ထမ်းများ နေထိုင်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် ယာယီရှင်းလင်းဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်က ရှင်းလင်းတင်ပြသည်။

**အကွက်ချဆောင်ရွက်**

ပြန်ကြားရေး ဝန်ကြီးဌာန ရုံးအဝင် ကားပတ်လမ်းဘေး၌ ပေ၂၀ ပတ်လည်ရှိ Prefabricated Office ၁၀ လုံး နေရာချထားရန်နှင့် ကားပါကင်ဘေးရှိ မြေကွက်လပ်၌ ပေ၂၀ ပတ်လည်ရှိ Container House ခုနစ်လုံး၊ အလျားပေ ၂၀၊ အနံ ၁၀ ပေ Container House အလုံး ၅၀ စုစုပေါင်း ၅၇ လုံး နေရာချထားရန် အကွက်ချဆောင်ရွက်လျက်ရှိသည်။

**အားပေးစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Container House များ နေရာချထားမည့် မြေနေရာ၊ Prefabricated Office များ တပ်ဆင်နေမှုနှင့် ရုံးမျက်နှာစာ မြက်ခင်းပြင်ရှိ ၂၁ ခန်းတွဲ ယာယီအဆောက်အအုံ၌ ဝန်ထမ်းများ လက်ရှိနေရာချထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုများကို တွေ့ဆုံ အားပေးစကား ပြောကြားသည်။

**ကြပ်မတ်ဆောင်ရွက်**

လှည့်လည်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက Prefabri-cated Office များနှင့် Container House များကို နေရာချထားရာတွင် မကြာမီရောက်ရှိလာတော့မည့် မိုးရာသီအတွက် စဉ်းစား၍ မြေသားအနေအထားကို သေချာစွာ တိုင်းတာဆောင်ရွက်ရန်၊ ဝန်ထမ်းများ စနစ်တကျ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် ရေ၊ မီး၊ မိလ္လာများ လုံလောက်မှုရှိအောင်ဆောင်ရွက်ပေးရန်၊ ယာယီဘာရှာများ ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာမှု ရှိစေရေးနှင့် ဝန်ထမ်းများ စနစ်တကျဖြင့် စည်းကမ်းတကျ နေထိုင်ကြစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ထို့နောက် သင်တန်းအလိုက် လက်ရိုက်အလံအချက်ပြပို့/ ဖမ်းခြင်းလက်တွေ့ ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ လေးယောက်လှေလှော်ဝမ်းပြား မီတာ ၅၀၀ ပြိုင်ပွဲနှင့် Optimist ရွက်လှေပြိုင်ပွဲတို့ကို နေပြည်တော်စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ ဟိုင်းကြီးကျွန်းစခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်း စသည့် ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခုတို့မှ သင်တန်းသား သင်တန်းသူများက အသင်းအလိုက်ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံ/တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)ကို သင်တန်းစခန်း ၁၁ ခုတွင် သင်တန်းသား သင်တန်းသူ ၈၀၀ ဖြင့် ဧပြီ ၂၂ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးသည်။

အလားတူ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းများမှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရန်၊ စုပေါင်းသင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ရန်နှင့် တပ်မတော်အကြီးအကဲ၏ ဩဝါဒခံယူရန်အတွက် မေ ၁၁ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိကြသည်။

အဆိုပါ သင်တန်းသားများအနက် သင်တန်းစခန်းအလိုက်မှ ထူးချွန်ဆုရသင်တန်းသားများသည် ယနေ့တွင် နေပြည်တော်လေတပ်စခန်း၌ လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါမပျံသန်းမီ အထွေထွေ



ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကြိုတင်လေ့ကျင့် အမောင်းသင် လေယာဉ် / ရဟတ်ယာဉ်များအား သင်ကြားဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ လက်တွေ့ လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ ယနေ့ည ဖျော်ဖြေတင်ဆက်မှုတွင် ဦးစွာ ငလျင်လှုပ်ခတ်မှုဖြစ်စဉ်၊ ကူညီကယ်ဆယ်မှု၊ ကူညီထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေး မှတ်တမ်းဗီဒီယိုကိုပြသပြီး ထိုဖြစ်စဉ်တွင် ထိခိုက်သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သကြသည်။

**လက်ခံရယူ**

ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေအဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသော အလှူငွေများအား မြန်မာနိုင်ငံ သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်က လက်ခံရယူသည်။

**အားပါးတရ ဖျော်ဖြေတင်ဆက်**

ဖျော်ဖြေရေးအစီအစဉ်တွင် သဘင်အစည်းအရုံးဝိုင်းတော်သားများ ပူးပေါင်းတင်ဆက်မှုနှင့်အတူ ပဏာမဆည့်ခံဂီတသံဖြင့် စတင်ပြီး ဘုရားကန်တော့ခန်း၊ အပျိုတော်ယိမ်း၊ ပဏာမတေး၊ တေးသံသာ၊ အာဇာနည်စန်းစန်းဆပ်ကပ်၊ အော်ပရာနှင့် မြို့ရွှေမန်းသားဖိုးချစ်နှင့် သဘင်အနုပညာရှင်တို့၏ နှစ်ပါးသွားအကတို့ဖြင့် အားပါးတရ ဖျော်ဖြေတင်ဆက်ခဲ့ရာ လာရောက်ကြည့်ရှုကြသည့် ပြည်သူများ အထူးနှစ်ခြိုက်စွာ အားပေးခဲ့ကြသည်။


**သတင်းစဉ်**

## ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၁၂**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များဖြစ်ထွန်းမှု

**၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၄-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ**




အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဝန်ကြီးဌာန၏ ယာယီလူနေအိမ်ရာများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အဋ္ဌမအကြိမ်မြောက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ဓော်တော်ယာဉ်ရပ်နားကွင်းရှိ ယာယီလူနေအိမ်ရာများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရင်းနှီးစွာတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး အဋ္ဌမအကြိမ်မြောက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပုံမှန်ရုံးတက်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သဖြင့် ပုံမှန်ထက် နှစ်ဆနီးပါး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဌာန၏ နှစ်စဉ်စီမံကိန်းအရ လုပ်ငန်းတာဝန်များကို စနစ်တကျနှင့် အမှားအယွင်းအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ စနစ်တကျနေထိုင်ရေးအတွက် လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးထားပါကြောင်း၊ ဝန်ထမ်းများနှင့် မိသားစုများအတွက် ဝန်ကြီးဌာန သက်သာစားသောက်ဆိုင်ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ယာယီလူနေအိမ်ရာများတွင် သန့်ရှင်းသပ်ရပ်စွာနှင့် စည်းကမ်းတကျ နေထိုင်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ခြင်ထောင်၊ စောင်၊ မီးဖိုချောင်သုံးပစ္စည်းများ (Kitchen Sets) နှင့် လူသုံးကုန်ပစ္စည်းများအပါအဝင် စုစုပေါင်းပစ္စည်း ကိုးမျိုးကို ပေးအပ်ခဲ့ရာ ဝန်ထမ်းများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးဌာန၏ ယာယီလူနေအိမ်ရာများတွင် ဝန်ထမ်းများ နေထိုင်နေမှုအခြေအနေများ၊ ဝန်ထမ်းများအတွက် ဆောင်ရွက်ထားရှိသည့် အများသုံးမီးဖိုဆောင် (Community Kitchen) များ၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းများနှင့် သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် မေ ၁၂**

စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် နည်းပြဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် စက်မှုဝန်ကြီးဌာနမှ စက်မှုသင်တန်းကျောင်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာ ဆရာမများက သင်ခန်းစာကို အခြေခံကစပြီး ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်၍ စာသင်နှစ်အတွင်း မိမိဘဝအတွက် အချိန်ကို အကျိုးရှိစွာ အသုံးချရမည်ဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည့် စက်မှုပညာများကို လုပ်ငန်းခွင်ဝင်သည့်အခါ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ပြီး စဉ်ဆက်မပြတ်သင်ယူလေ့လာကြပါ၊ ကျရာအခန်းကဏ္ဍမှ နိုင်ငံနှင့်လူမျိုးအတွက် စက်မှုနှင့်ပတ်သက်သည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြပါ၊ စက်မှု အခြေခံကောင်းများမှစ၍ တီထွင်သုတေသနပြုမှု၊ ဒီဇိုင်းဆန်းသစ်မှု၊ ခေတ်နှင့်အမီ ရင်ပေါင်တန်းနိုင်မှု၊ စီးပွားရေးတွက်ခြေကိုက်မှုများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ အဆင့်မြှင့်ဆောင်ရွက်နိုင်သည်အထိ ကြိုးစားသွားကြရန် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကလုပ်ငန်းများတွင် အားထားရသည့် လူငယ်လူရွယ်များ ဖြစ်အောင် သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးမည့် ဘာသာရပ်များကို စိတ်ဝင်စားစွာဖြင့် ကြိုးစားသင်ယူရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခု ဖွင့်လှစ်သည့် စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ် (၁၃) ကို သင်တန်းသား ၁၄၀ နှင့် သင်တန်းသူ ၃၂ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၇၂ ဦးဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်း၌ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်းဘာသာရပ်နှင့် ကွန်ပျူတာဖြင့် ဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်မှုဘာသာရပ်များကို စာတွေ့ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောင်းမြမြို့၌ သဘာဝမြေသြဇာသုံး စပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မြောင်းမြ မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ သဘာဝမြေသြဇာသုံး စပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက FUJI (2) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးက အမှာစကားပြောကြားပြီး ပိုပိုစွမ်းကော်မတီမှ Managing Director Dr.စိုးသူက ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သဘာဝမြေသြဇာသုံးစပါးပြိုင်ပွဲ ဒိုင်ကော်မတီဝင် ဒေါ်မူမူသက်က ဆုပေးပွဲသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြောင်းမြမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကိုက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပထမဆုရရှိသည့် အိမ်မဲမြို့နယ်မှ တောင်သူ ဦးနိုင်ဝင့်သူနှင့် ဒုတိယဆု နှစ်ဆု၊ တတိယဆု သုံးဆုနှင့် အခြားဆုရရှိသည့် ပြိုင်ပွဲဝင်တောင်သူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်များကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

## ငလျင်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် Bangladesh Pharmaceutical Society in Myanmar မှ ဆေးဝါးများ လှူဒါန်း

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် Bangladesh Pharmaceutical Society in Myanmar မှ ဆေးဝါးများ လှူဒါန်းပွဲကို ယနေ့တွင် အသင်းရန်ကုန်ရုံးခွဲ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Dr. Md Monwar Hossain က Bangladesh Pharmaceutical Society in Myanmar မှ လှူဒါန်းသော ငွေကျပ် ၁၅၀၀၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က လက်ခံခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မြေငလျင်အပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်မည့် ငွေကြေးအင်အားများနှင့် စနစ်များ

ဒေါက်တာကျော်လတ် (ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဗိသုကာဌာန၊
ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်)

မိမိတို့ နိုင်ငံ၊ မိမိတို့ ပြည်သူလူထုသည် ယခု မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၇ နှစ်အကူး ၂၀၂၅ ဧပြီလ မဟာသင်္ကြန်ကို ဝမ်းနည်းစွာဖြင့်ပင် ကျော်ဖြတ်ခဲ့ကြရပါပြီ။ အသက်ပေါင်း ထောင်နှင့်ပင်ချီ၍၊ ပြည်သူလူထုနှင့် တိုင်းပြည်၏ ပစ္စည်းများ တန်ဖိုးကျပ်သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရသောနှစ် ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ယနေ့ခေတ်ကဲ့သို့ Richter Scale, Mercalli Scale အစရှိသည်ဖြင့် စနစ်များ စတင်အသုံးပြုသော ၂၀ ရာစုနှစ်နောက်တွင် ယခု မိမိတို့ခံစားခဲ့ရသော မန္တလေးမြေငလျင်ကြီးကြောင့် လူအသေအပျောက်နှင့် အိုးအိမ်ပစ္စည်းဆုံးရှုံးမှုသည် အများဆုံးဖြစ်သည်။ အိုးအိမ်နှင့် ပစ္စည်းတန်ဖိုးများကို တွက်ချက်နှိုင်းယှဉ်ရန် ခက်ခဲသော်လည်း ယခုငလျင်တွင် လူ့အသက်ပေါင်း ၃၇၀၀ ကျော်သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၅၁၀၀ ကျော်ရှိခဲ့သည်။

မြန်မာနိုင်ငံ ငလျင်ကော်မတီမှ ဆရာမကြီး ဒေါ်လှလှအောင်ရေးသားသော စာပေအရ ၁၉၃၀ ပြည့်နှစ် ပဲခူးငလျင်တွင် လူအသေအပျောက် ၅၅၀ ခန့် သေဆုံးခဲ့သည်နှင့် နှိုင်းယှဉ်နိုင်ပါသည်။ အဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ဗိသုကာတစ်ဦးအနေဖြင့် သေချာစွာ ပြောနိုင်သည်မှာ ယခု မိမိတို့ပြန်လည်တည်ဆောက်ကြရမည့် လုပ်ငန်းရပ်သည် အလွန်ကြီးမားပြီး ငွေကြေးများစွာနှင့် နှစ်ပေါင်းများစွာ ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရပါမည်။ ယခုနှစ် မတ်လမြေငလျင်၏ Epicenter ဗဟိုသည် စစ်ကိုင်းမြို့အနီးဖြစ်သဖြင့် သေကျေပျက်စီးမှု အများဆုံးဖြစ်သည်ဆိုသည်ကို လက်ခံကြရမည်ဖြစ်သည်။ သို့သော် တစ်မြို့တည်း တစ်လမ်းတည်းတွင် အချို့အဆောက်အအုံများ ပြိုကျပျက်စီးကြပြီး အချို့မှာ မပျက်မစီးတည်မြဲခဲ့ကြသည်မှာ အချို့သောဆောက်လုပ်သူများ၏ အားနည်းချက်ဖြစ်သည်မှာလည်း ထင်ရှားပါသည်။

ဤဆောင်းပါးသည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ယခုရရှိခဲ့သော သင်ခန်းစာများကိုအခြေခံ၍ လက်ခံကျင့်သုံးသင့်သောစနစ်များကို တင်ပြရန် ဖြစ်ပါသည်။ ထို့အပြင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်မည့် Financial Resources ခေါ် ငွေကြေးအင်အားများ ဖော်ထုတ်ရရှိနိုင်မည့် နည်းလမ်းများကိုလည်း တင်ပြအပ်ပါသည်။ ထိုသည်များနှင့် တွဲဖက်၍ ပြန်လည်တည်ဆောက်ကြသည့်အခါ မိမိတို့၏ မြို့များနှင့် ပတ်ဝန်းကျင်သာယာရေး၊ မိမိတို့၏ မြို့များတွင် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးများအတွက် လိုအပ်ချက်များကိုလည်း ပူးတွဲတင်ပြအပ်သည်။





မန္တလေးမြို့တွင် ငလျင်ဒဏ်သင့်သော်လည်း မပျက်မစီး တည်မြဲသောအဆောက်အအုံများနှင့် ပြိုလဲပျက်စီးသောအဆောက်အအုံများ။

- **အဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဗိသုကာတစ်ဦး အနေဖြင့် သေချာစွာပြောနိုင်သည်မှာ ယခု မိမိတို့ ပြန်လည်တည်ဆောက်ကြရမည့် လုပ်ငန်းရပ်သည် အလွန်ကြီးမားပြီး ငွေကြေးများစွာနှင့် နှစ်ပေါင်းများစွာ ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရပါမည်**
- **မြေငလျင်အတွင်း ပြိုပျက်သွားသော Condominiums ခေါ် အဆင့်မြင့်တိုက်ခန်းများကို တည်ဆောက်သွားသောပိုင်ရှင်ကြီးများက Ethics ဟုခေါ်သော လူ့ကျင့်ဝတ်၊ လူ့ဝတ္တရားအရသော် အချိန်အတိုင်းအတာအတွင်း မြန်ဆန်စွာ ပြန်လည်တည်ဆောက်ပေးသင့်**

**ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ရရှိနိုင်မည့် Available Financial Resources ငွေကြေးအင်အားများကို သုံးသပ်ခြင်း**

ယခု ငလျင်သည် မြန်မာ့သမိုင်းတွင် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်သည့်အတွက် မိမိတို့တွင်ရှိသော Resources အင်အားများမှ တတ်နိုင်သရွေ့ အများဆုံးနှင့် ကူညီနိုင်သောသူအများဆုံးကို ကူညီကြရမည်ဟု ခံယူပါသည်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ငွေကြေးဖြင့် ပါဝင်နိုင်မည့် အုပ်စုများကို သုံးသပ်ကြည့်မိပါသည်။ ထိုသည်တို့တွင် (၁) နိုင်ငံတော်အစိုးရ၊ (၂) ချမ်းသာကြွယ်ဝသော Condominium ပိုင်ရှင်သူဌေးကြီးများအုပ်စု၊ (၃) ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်မြေတွင်နေထိုင်ရင်း အိုးအိမ်ဆုံးရှုံးသွားသူများဟု သုံးအုပ်စုကိုသာ ဦးစွာမြင်ကြရပေမည်။ ထိုသုံးအုပ်စုတို့၏ လုပ်နိုင်သောပမာဏများကို ဆန်းစစ်ကြည့်ကြပါမည်။

**နိုင်ငံတော်အစိုးရ ။** ။ နိုင်ငံတော်အစိုးရသည် ငွေအင်အားအကြီးမားဆုံးရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။ သို့သော် အစိုးရတွင် ဆုံးရှုံးပျက်စီးသွားသော အစိုးရရုံးများ၊ ဝန်ထမ်းအိမ်ရာများ အစရှိသည်တို့ကို ပြန်လည်တည်ဆောက်ရန်ရှိသည်။ ထို့အပြင် အများပြည်သူနှင့်သက်ဆိုင်သော Infra-structure ခေါ် ကျောင်းများ၊ ဆေးရုံများ၊ လမ်းတံတားများ၊ လျှပ်စစ်စနစ်များ စသည်တို့ကိုလည်း ပြန်လည်တည်ဆောက်ရန်ရှိသဖြင့် လူပေါင်းများစွာတို့၏ ဆုံးရှုံးခဲ့သော အိမ်ရာများကို ပြန်လည်တည်ဆောက်ရေးတွင် အမြောက်အမြားပါဝင်ရန် ခက်ခဲပါမည်။

**ငွေကြေးအဆင်ပြေသော Condominium ပိုင်ရှင်များ။** ။ မြေငလျင်အတွင်း ပြိုပျက်သွားသော Condominiums ခေါ် အဆင့်မြင့်တိုက်ခန်းများကို တည်ဆောက်သွားသောပိုင်ရှင်ကြီးများက Ethics ဟုခေါ်သော လူ့ကျင့်ဝတ်၊ လူ့ဝတ္တရားအရသော် အချိန်အတိုင်းအတာအတွင်း မြန်ဆန်စွာ ပြန်လည်တည်ဆောက်ပေးသင့်ကြပါသည်။ ဥပဒေကြောင်းအရ ရှင်းကြမည်ဆိုသော် ရှေ့နေခ ငွေကြေးများစွာကုန်မည်၊ အချိန်နှစ်ပေါင်းများစွာ ကြာမြင့်ကြမည်ဟု စာရေးသူ အတွေ့အကြုံအရ ခန့်မှန်းပါသည်။ မူလစာချုပ်တွင် မည်သို့ပါရှိပုံ၊ အာမခံထားခြင်းရှိမရှိ၊ "မြန်မာပြည်စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေ Condominium Law" အရ တရားဝင်သတ်မှတ်ထားခြင်းရှိမရှိ စသည်ဖြင့် များစွာသော အဆင့်များရှိပါမည်။

ဖြစ်သင့်သည်မှာ တည်ဆောက်ခဲ့သူ ပိုင်ရှင်ကြီးများက လူ့ဂုဏ်သိက္ခာကို မနိမ့်ကျစေရန်နှင့် အသက်နှင့်ပစ္စည်း နစ်နာဆုံးရှုံးခဲ့ရသောသူများကို ငဲ့ညှာသင့်သည်။ သို့သော် ယခုငလျင်ကြောင့် အဆင့်မြင့်တိုက်ခန်းကြီးများတွင် နေထိုင်ရင်း အသက်နှင့် ပစ္စည်းများ ဆုံးရှုံးခဲ့သူဦးရေသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရာခိုင်နှုန်းနည်းပါးသည်ဟု ခန့်မှန်းရပါသည်။

**ကိုယ်ပိုင်အိမ် ကိုယ်ပိုင်မြေတွင်နေထိုင်ရင်း အိုးအိမ်ဆုံးရှုံးသွားသူများ ။** ။ ထိုအုပ်စုတွင် ပါဝင်သည့်သူများတွင် (က) ပြန်လည်တည်ဆောက်ရန် အရင်းအနှီးရှိပြီး တတ်နိုင်သူများ၊ (ခ) တစ်စိတ်တစ်ပိုင်း အကူအညီရနိုင်လျှင် ပြန်လည်တည်ဆောက်နိုင်သူများနှင့် (ဂ) အိမ်ပျက်စီးသွားသဖြင့် မြေသာကျန်ခဲ့ပြီး ပြန်လည်တည်ဆောက်ရန် မဖြစ်နိုင်သူများဟု သုံးအုပ်စုရှိမည်ဟု ခန့်မှန်းရပါသည်။ ထိုအုပ်စုအတွင်း မည်သည့်အုပ်စုသည် မည်သည့် ရာခိုင်နှုန်းရှိသည်ကိုလည်း ခန့်မှန်းရန်ခက်ခဲပါသည်။ သို့သော် အောက်တွင် စာရေးသူစဉ်းစားမိသော ဘဏ်ချေးငွေစနစ်ကို အသုံးချနိုင်လျှင် အဘက်ဘက်က အထိုက်အလျောက် အဆင်ပြေကြမည်ဟု ယူဆပါသည်။

**ဘဏ်ချေးငွေဖြင့် ပြန်လည်တည်ထောင်ရေးတွင် အသုံးချရန်အဆိုပြုချက် ။** ။ စာရေးသူသည် အိမ်ဆုံးရှုံးခဲ့သော သူတစ်ဦးနှင့် မေးမြန်းခန်းကို ကြည့်ရပါသည်။ ထိုသူတွင် ယခင်က ကိုယ်ပိုင်အိမ်ရှိသည်၊ နေထိုင်စားသောက်ရန် ဝင်ငွေရှိသည်၊ ယခု အိမ်ပျက်စီးသွားသည့်အတွက် နေထိုင်ရန် အိမ်ကို ပြန်လည်တည်ဆောက်ရန် ငွေသိန်း ၅၀၀ ခန့်ရရှိရန် မဖြစ်နိုင်ပါဟုဆိုသည်။ စာရေးသူက သင်ကြားခဲ့ဖူးသော Housing Economics အိမ်ရာစီးပွားရေး ပညာရှုထောင့်မှ သုံးသပ်ကြည့်ပါသည်။ ထိုကဲ့သို့သောသူများမှ ဥပမာ ပြန်လည်တည်ဆောက်ရန် အိမ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်ရှိနိုင်မည်ဆိုလျှင် ဘဏ်မှ ကျန်လိုအပ်ငွေ ၇၀ ရာခိုင်နှုန်းကို ချေးငွေအဖြစ်ရရှိပြီး ထိုသူက လစဉ်၊ နှစ်စဉ် ပြန်လည်ပေးဆပ်လျှင် နှစ်ဦးနှစ်ဖက် အထိုက်အလျောက် အဆင်ပြေသွားနိုင်ပါမည်။




မြေပေ ၄၀ x ၆၀ ပိုင်ဆိုင်သူခြောက်ဦး စုပေါင်းလျှင် စတုရန်းပေ ၁၄၄၀၀ ရှိသော မြေကွက်ပေါ်တွင် တိုက်ခန်းပေါင်း ၁၂ ခန်း ပေါ်ထွက်လာနိုင်သည့် ပုံစံငယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ထိုကဲ့သို့သော အခြေအနေနမူနာ Hypothetical Model တစ်ရပ်ကို အစမ်းတွက်ကြည့်ကြပါမည်။ Basic assumptions အခြေခံအချက်များသည်- မိသားစုတစ်စုတွင် (၁) မြေရှိသည်။ (၂) စုဆောင်းပြီး ငွေသိန်း ၁၅၀ ခန့်ရှိသည်။ (၃) အလုပ်အကိုင်ကောင်း ရှိကြသဖြင့် လစဉ်မိသားစုဝင်ငွေကျပ် ၆ သိန်းခန့် ရှိသည်။ (၄) ပြန်လည်ဆောက်လုပ်မည့် အိမ်တန်ဖိုးသည် ကျပ်သိန်း ၅၀၀ ဖြစ်သောကြောင့် ကျပ်သိန်း သိန်း ၃၅၀ ချေးငွေလိုအပ်သည်။ ဤကိစ္စကို ဘဏ်နှင့် သက်ဆိုင်ရာတို့က လေ့လာစစ်ဆေးပြီး နှစ်စဉ်အတိုးနှုန်း ၁၅ ရာခိုင်နှုန်းနှင့် ပြန်လည်ပေးဆပ်ချိန် ၁၀ နှစ်နှင့် သဘောတူသည်။ ချေးမည့်သူများပိုင်သော မြေကို အာမခံပစ္စည်း Collateral ဟု သတ်မှတ် သဘောတူကြသည်။ ဘဏ်မှတာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းအရ တွက်ချက်ရာ ချေးငွေသိန်း ၃၅၀ အတွက် ထိုမိသားစုသည် လစဉ်ငွေကျပ် ၃ ဒသမ ၆၄ သိန်းခန့်နှင့် ၁၀ နှစ်တိုင်တိုင်အကြိမ်ပေါင်း ၁၂၀ ခန့် ပေးဆပ်ရမည်။

အထက်ပါနမူနာ Hypothetical Model တွင် လစဉ်ပြန်လည်ပေးဆပ်ရန် တွက်ချက်ခြင်းသည် ဘဏ်ပညာရှင်များ သုံးလေ့ရှိသောနည်း $P = Ai / (1 - (1 + i)^{-N})$ where: P = regular periodic payment. A = amount borrowed. i = periodic interest rate ပင်ဖြစ်ပါသည်။ နှစ်စဉ်အတိုးနှုန်း ၁၅ ရာခိုင်နှုန်းနှင့်ပြန်လည်ပေးဆပ်ရန်အတွက် အချိန် ၁၀ နှစ်သည် စာရေးသူစိတ်ကူးအရ ထည့်တွက်ထားခြင်းဖြစ်သည်။ ပြန်လည်ပေးဆပ်ရန် အချိန်နှင့် ပတ်သက်၍ စာရေးသူသိသော အခြားတိုင်းပြည်များတွင် နှစ်ပေါင်း ၂၀-၃၀ အထိပင် ပေးလေ့ရှိပါသည်။

မြန်မာနိုင်ငံမှ ဘဏ်များက ထိုမျှကာလရှည် ပေးလေ့မရှိသော်လည်း ယခုကဲ့သို့ ငလျင်ဘေးသင့်သူများကို ကယ်ဆယ်ကူညီသည့်အနေဖြင့် ပြန်လည်သုံးသပ်သင့်ပါသည်။ ယခုနမူနာတွင်ပင် ပြန်လည်ပေးဆပ်ရသောအချိန်ကို ၁၅ နှစ်၊ နှစ်စဉ်အတိုးနှုန်း ၁၂ ရာခိုင်နှုန်းနှင့် တွက်ပါမူ ချေးသူမိသားစုသည် လစဉ်ငွေကျပ် ၂ ဒသမ ၉ (၃ သိန်းခန့်) နှင့် ၁၅ နှစ်တိုင် အကြိမ်ပေါင်း ၁၈၀ ပေးဆပ်ရပါမည်။ Hypothetical Model ကိုပင် အခြေခံ၍ အိုးအိမ်ဆုံးရှုံးသွားပြီး မြေပိုင်ဆိုင်သူများအတွက် အရင်းငွေပင်မလိုဘဲ နေစရာများရရှိနိုင်ပြီး အမြတ်အစွန်းပင်ရရှိနိုင်သောနည်းများကို အထက်ပါ နမူနာကို အခြေခံထားပြီး တီထွင်နိုင်ပါသည်။ ဥပမာ မြေပေ ၄၀ x ၆၀ ခန့်ရှိသူ ၆ ဦးခန့်စုလျှင် စတုရန်းပေ ၁၄၄၀၀ ရှိသော မြေကွက်ကို ရနိုင်ပြီး ထိုမြေပေါ်တွင် နှစ်ထပ်ဖြင့် စတုရန်းပေ ၇၀၀ ခန့်ရှိသော အိပ်ခန်း နှစ်ခန်းပါ တိုက်ခန်းပေါင်း ၁၂ ခန်းခန့် ပေါ်ပေါက်နိုင်ပါမည်။



မြန်မာတို့၏ အထွတ်အထိပ်ဖြစ်သော ရွှေတိဂုံစေတီတော်၏ မြင်ကွင်းကျယ်ကို ဖူးမြင်ရပုံနှင့် နောက်ဆောက်လုပ်သော အထပ်မြင့်အဆောက်အအုံကြောင့် စေတီတော်မြင်ကွင်း ဖုံးကွယ်သွားပုံ။

အထက်တွင်တင်ပြသည့် Hypothetical Model ကို အတိုချုပ်တင်ပြရသော် **"ဘဏ်ချေးငွေဖြင့် ပြန်လည်တည်ထောင်ရေး"** ပင် ဖြစ်ပါသည်။ ဤနည်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ရန်ကုန်မြို့တွင် "ရွှေလင်ပန်းအိမ်ရာစီမံကိန်း"၊ "ကျန်စစ်မင်းအိမ်ရာစီမံကိန်း"၊ "အောင်မြင့်မိုရ်အိမ်ရာစီမံကိန်း" စသည်တို့နှင့် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်တွင် "မြရည်နန္ဒာအိမ်ရာစီမံကိန်း" စသည့် အိမ်ရာစီမံကိန်း ၇ ခုခန့်နှင့် မိသားစု ၁၀၀၀၀ ခန့်အတွက် အိမ်ရာများ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်ဟု သိရပါသည်။ အထက်တွင် နမူနာအနေဖြင့် တင်ပြခဲ့သော ငွေကြေးရယူနိုင်သောစနစ်နှင့် အိုးအိမ်ဦးစီးဌာန၏ စီမံကိန်းတို့ အဓိကကွာခြားချက်မှာ အိုးအိမ်ဦးစီးဌာန၏ စီမံကိန်းများက တည်ဆောက်ရန် မြေကို အစိုးရက လျှော့ဈေးဖြင့် တွက်ခဲ့သည်။ ယခု ငလျင်ဘေးသင့်သူများ ပြန်လည်တည်ထောင်ရေးတွင် မြေရှိသူများသာပါဝင်ရန် ဖြစ်သဖြင့် ဘဏ်များအတွက် မြေကို အာမခံပစ္စည်း Collateral ရှိပြီးဖြစ်သဖြင့် ပိုမို၍ပင် အဆင်ပြေပေမည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာ စီမံကိန်း ပုဂ္ဂလိကဆောက်လုပ်ရေးကမ္ပဏီများနှင့်ပင် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ဌာနမှ ကျွမ်းကျင်သူများက ကြီးကြပ်ခဲ့သဖြင့် ယခုငလျင်တွင် တည်မြဲခဲ့သည်။

**နောက်နောင် ငလျင်နှင့်အခြားသော ဘေးအန္တရာယ်များအတွက် ကျင့်သုံးရန်စနစ်များ**

စာရေးသူ သက်ြိန်မတိုင်မီက ရေးခဲ့သော ဆောင်းပါးတွင် ယခု မန္တလေး၊ စစ်ကိုင်းနှင့် မြန်မာပြည်အလယ်ပိုင်းငလျင်တွင် အဆောက်အအုံပေါင်းများစွာ ပြိုပျက်ခဲ့ခြင်း၏ အဓိအကြောင်းမှာ အထူးကျွမ်းကျင်ပညာရှင်များ Specialists များနှင့် ပူးပေါင်းမဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်ကို ဖော်ပြခဲ့ပါသည်။ ထိုသည်နှင့်ဆက်စပ်၍ အဆောက်အအုံတစ်ခု ပေါ်ပေါက်ရေးတွင် လုပ်ငန်းအဆင့်ဆင့်ကို ရန်ကုန်မြို့တွင် ကျင့်သုံးပုံလုပ်ထုံးလုပ်နည်းများကို လေ့လာကြည့်ပါသည်။ ထိုသည်တို့တွင် (၁) Design state ပုံစံထုတ်တွက်ချက်သောအဆင့် (၂) ဆောက်လုပ်ခွင့်ရရှိရန် လျှောက်ထားသောအဆင့် Building permit submission (၃) ဆောက်လုပ်ခြင်းနှင့် ကြီးကြပ်ခြင်း Construction and supervision state (၄) ဆောက်လုပ်ပြီး လူနေခွင့်နှင့် အသုံးပြုခွင့်လက်မှတ် Building Completion Certificate တို့ရရှိရန်ဟု အဆင့် ၄ ဆင့်ရှိသည်ကို တွေ့ရပါသည်။

Building Permit (BP) ဆောက်လုပ်ခွင့်ပါမစ်တင်သည့်အခါ Floor Plans ကြမ်းခင်းပုံစံများ၊ Sections ဖြတ်ပိုင်းပုံစံများ၊ အသေးစိတ် Steel list သံစာရင်းများ အစရှိသည်တို့ကို ပူးတွဲတင်ပြကြရသည်။ လူအများနှင့် သက်ဆိုင်သော အဆောက်အအုံများနှင့် ၄ ထပ်အထက် အဆောက်အအုံများအတွက် လိုင်စင်ရ Structural Engineer ခိုင်ခံ့မှုကိုတွက်ချက်သော ပညာရှင်၏ လက်မှတ်နှင့် Structural calculations တွက်ချက်ခြင်းများလည်း ပါဝင်ရသည်။

ထိုတွက်ချက်မှုများတွင် Stability Checking ဟူသော ခေါင်းစဉ်အောက်တွင် Overturning Checking ယိုင်လဲနိုင်မှုနှင့် Settlement Checking မြေအောက်ကျွံဝင်နိုင်မှု အစရှိသောပျက်စီးနိုင်မှုများကို စစ်ဆေးသောအချက်တို့ကို ထိုကျွမ်းကျင်ပညာရှင်က တွက်ချက်ချက်တင်ပြရပါသည်။ ထို့အပြင် ၁၂ ထပ်ထက်ပိုသော အဆောက်အအုံများကို အထပ်မြင့်ဟုသတ်မှတ်၍ Committee for Quality Control of High-Rise Building ဟုခေါ်သော "အထပ်မြင့်ကော်မတီ" သို့လည်း ထပ်ဆင့်တင်ရသေးသည်။ ထို CQHB တွင် မိမိတို့နိုင်ငံအဆင့် ပညာရှင်ကြီးများ ပါဝင်ကြသည်။ ထိုကဲ့သို့ အဆောက်အအုံတစ်ခုပေါ်ပေါက်ရေး လုပ်ငန်းအဆင့်ဆင့်ကို ရန်ကုန်မြို့တွင် ကျင့်သုံးသည့်နည်းတူ မန္တလေးမြို့တော် စည်ပင်သာယာကလည်း ကျင့်သုံးပေလိမ့်မည်။

အထက်တွင်ဖော်ပြသော အဆောက်အအုံတစ်ခု ပေါ်ပေါက်ရေး လုပ်ငန်းအဆင့်ဆင့်များသည် ပညာပိုင်းဆိုင်ရာရှုထောင့်မှကြည့်သော် ရန်ကုန်နှင့် မန္တလေးမြို့တွင် ဆောက်လုပ်ခွင့်ပါမစ်ရရှိရေးနှင့် လူနေခွင့်နှင့် အသုံးပြုခွင့်လက်မှတ်ရရှိရေးလုပ်ငန်းများသည် ပြည့်စုံသည်ဟု သုံးသပ်နိုင်ပါသည်။ ထိုမြို့ကြီးများ၏ လုပ်ထုံးလုပ်နည်းများကို အခြားမြို့များကလည်း လုပ်ဆောင်ရန် ဖွဲ့စည်းပုံများ တိုးချဲ့ခြင်းနှင့် တတ်ကျွမ်းသော ပညာရှင်များကို အသုံးချရန်သာ လိုအပ်ပေမည်။ ဤတွင် ရန်ကုန်မြို့တွင် ငလျင်မလှုပ်ပါဘဲနှင့်ပင် ပြိုကျပျက်စီးသော အဆောက်အအုံများ ရှိခဲ့ပါသည်။ မမှန်မကန် တည်ဆောက်မှုဖြင့် ပြတင်းပေါက်မရှိ၊ အမှိုက်ပစ်ရန် နေရာမရှိသော၊ ကျန်းမာရေးနှင့် မကိုက်ညီသော အဆောက်အအုံများ မည်သို့ကြောင့် ပေါ်ပေါက်ခဲ့ပါသနည်း။ မန္တလေးမြို့တွင်လည်း ယခုငလျင်တွင် တစ်မြို့တည်း တစ်လမ်းတည်းတွင်ပင် အချို့ အဆောက်အအုံများ ပြိုကျပျက်စီးကြပြီး အချို့မှာ မပျက်မစီး တည်မြဲခဲ့ကြပါသနည်းဆိုသော မေးခွန်း ပေါ်ပေါက်လာပါသည်။

ဤမေးခွန်းအတွက် အဖြေသည်တစ်ခုတည်း မဟုတ်နိုင်ဘဲ အချက်များရှိပါမည်။ ဖြစ်ခဲ့သည်များမှ တစ်ချက်မှာ ဆောက်လုပ်သူ ကန်ထရိုက်များက BP ဆောက်လုပ်ခွင့်ပါမစ်တင်သည့်ပုံများက တစ်မျိုး၊ လက်တွေ့ဆောက်သည့်အခါ ဆောက်လုပ်ရေး ပစ္စည်းများ လျှော့ခြင်းလည်းဖြစ်နိုင်သည်။ ယခု ငလျင်တွင် ပြိုပျက်ခဲ့သော အဆောက်အအုံတို့တွင် တွန်းအား၊ ထမ်းအားများကို သယ်ပိုးရသော အစိတ်အပိုင်းများ Structural members များ လွန်စွာ သေးနေခြင်းကို တွေ့ရသောကြောင့် ထိုအဆောက်အအုံသည် တတ်ကျွမ်းသော လိုင်စင်ရ Structural engineer က တွက်ချက်ခဲ့ခြင်း မဖြစ်နိုင်ပါ။ အခြားအကြောင်းတစ်ချက်သည် BP ရရှိရန် တင်စဉ်က တွက်ချက်လက်မှတ်ထိုးခဲ့သော Specialists ပညာရှင်ကြီးများကို ဆောက်လုပ်သည့်အခါ လုပ်ငန်းအပ်သူ သူဌေးကြီးများက ဆက်လက်အသုံးမပြုတော့ဘဲ ကိုယ်တိုင်ဝင်ကြီးကြပ်ကြသည်လည်း ကိုယ်တိုင်တွေ့ကြုံဖူးပါသည်။ ဤဆောင်းပါးဘောင်အတွင်း ပြီးခဲ့သော ဖြစ်ရပ်များကို ရှာဖွေရန် မရည်ရွယ်ဘဲ မိမိတို့ နောက်နောင် ဆောက်လုပ်ကြသည့်အခါ ယခုရရှိခဲ့သော သင်ခန်းစာများကို အခြေခံ၍ နောင်ထိုကဲ့သို့ မြေငလျင်နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာလျှင် လူ့အသက်များနှင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုမရှိစေရန် သို့မဟုတ် များစွာ လျော့နည်းစေသော စနစ်များကို လက်ခံကျင့်သုံးသင့်ကြသည်များကို ဆွေးနွေးရန်ဖြစ်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းတွင် ရင်းနှီးကြခြင်းသည် တိုင်းပြည်အတွက် အကျိုးရှိသည်မှာ ထင်ရှားပါသည်။ ဟိုတယ်ကြီးများမှ မိမိတို့တိုင်းပြည်အတွက် နိုင်ငံခြားငွေရရှိကြသည်။ တိုက်ခန်းများမှ အချို့သူများ နေထိုင်စရာရရှိကြသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် ပါဝင်သော အဖွဲ့အစည်းများကို အုပ်စုလိုက်ခွဲခြားကြည့်လျှင် (၁) ဟိုတယ်ကြီးများ၊ ကွန်ဒိုတိုက်ကြီးများ ပေါ်ပေါက်လို၍ အရင်းအနှီးစိုက်ထုတ်သူများ၊ (၂) ထိုရင်းနှီးမြှုပ်နှံသူ သူဌေးကြီးများ ကောင်းမွန်ခိုင်ခံ့သော အဆောက်အအုံကြီးများရရှိရေးတွင် ပါဝင်ကူညီပေးမည့် ဗိသုကာများနှင့် အထူးကျွမ်းကျင် အင်ဂျင်နီယာပညာရှင်များ ၊ (၃) ကောင်းမွန်ခိုင်ခံ့သော အဆောက်အအုံကြီးများကို အာမခံတည်ဆောက်ပေးသည့် Construction Companies ဆောက်လုပ်ရေး ကုမ္ပဏီများဟု အုပ်စု ၃ စုရှိကြသည်။

*စာမျက်နှာ ၈ သို့*

- **ပညာပိုင်းဆိုင်ရာရှုထောင့်မှကြည့်သော် ရန်ကုန်နှင့် မန္တလေးမြို့တွင် ဆောက်လုပ်ခွင့်ပါမစ်ရရှိရေးနှင့် လူနေခွင့်နှင့် အသုံးပြုခွင့်လက်မှတ်ရရှိရေးလုပ်ငန်းများသည် ပြည့်စုံသည်ဟု သုံးသပ်နိုင်**
- **အကြောင်းတစ်ချက်သည်** BP **ရရှိရန် တင်စဉ်က တွက်ချက်လက်မှတ်ထိုးခဲ့သော** Specialists **ပညာရှင်ကြီးများကို ဆောက်လုပ်သည့်အခါ လုပ်ငန်းအပ်သူ သူဌေးကြီးများက ဆက်လက်အသုံးမပြုတော့ဘဲ ကိုယ်တိုင်ဝင်ကြီးကြပ်ကြသည်လည်း ကိုယ်တိုင်တွေ့ကြုံဖူး**
- **ယခုရရှိခဲ့သော သင်ခန်းစာများကို အခြေခံ၍ နောင် ထိုကဲ့သို့ မြေငလျင်နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာလျှင် လူ့အသက်များနှင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုမရှိစေရန် သို့မဟုတ် များစွာလျော့နည်းစေသောစနစ်များကို လက်ခံကျင့်သုံးသင့်ကြသည်များကို ဆွေးနွေး**

# တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာတစ်နှစ်သင်တန်း အမှတ်စဉ်(၁)၏ ဒီပလိုမာလက်မှတ်၊ ထူးချွန်ဆုနှင့် အလုပ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၁၂**

တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာတစ်နှစ်သင်တန်း အမှတ်စဉ်(၁)၏ ဒီပလိုမာလက်မှတ်၊ ထူးချွန်ဆုနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်၏ အသားကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် မွေးမြူထုတ်လုပ်ရေးနှင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် တိုးမြှင့်ပေးနိုင်စေရန် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းပြီးမြောက် အောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူအားလုံးကို အလုပ်ခန့်အပ်လွှာများ တစ်ပါတည်း ပေးအပ်၍ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ကြစေရန် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

သင်တန်းအမှတ်စဉ်(၁)ဖြစ်၍ ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများမှ ပြီးမြောက်အောင်မြင်ပြီး လုပ်ငန်းခွင်ဝင်လာကြမည့်သူများအတွက် စံနမူနာကောင်းပေးနိုင်သူများ ဖြစ်စေရန်နှင့် စဉ်ဆက်မပြတ်လေ့လာမှုမှ ထူးချွန်ထက်မြက်သူများအဖြစ် အဆင့်ဆင့်သော လုပ်ငန်းတာဝန်များကို တိုးတက်တာဝန်ယူနိုင်ကြစေရေး ကြိုးပမ်းသွားကြစေလိုကြောင်း၊ အလားတူ နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ဝတ်သိက္ခာ ပြည့်စုံကောင်းမွန်သော နိုင်ငံ့ဝန်ထမ်း ကောင်းအဖြစ် တာဝန်ကျရာဒေသများတွင် မိမိတို့ တတ်မြောက်ထားသော တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု အတတ်ပညာများဖြင့် မွေးမြူသူများအကျိုး၊ နိုင်ငံတော်အကျိုးကို ထိရောက်အောင်မြင်စွာ ကြိုးပမ်းသယ်ပိုး သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထူးချွန်သင်တန်းသား သင်တန်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး အလုပ်ခန့်အပ်လွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်ရာ သက်ဆိုင်ရာ သင်တန်းသားကိုယ်စားလှယ်က လက်ခံရယူကြသည်။

ထို့အတူ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းကျောင်းအုပ်ကြီးတို့က သင်တန်းသား သင်တန်းသူများကို ဒီပလိုမာလက်မှတ်များ ပေးအပ်ကြသည်။

သိပ္ပံဘွဲ့တစ်ခုခုရရှိပြီးသူများ တက်ရောက်နိုင်သည့် တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ တစ်နှစ်သင်တန်း၌ တိရစ္ဆာန်ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် တိရစ္ဆာန်ဆေးကုသရေး ပညာရပ်များအပါအဝင် ဘာသာရပ် ၁၅ ခုအား စာတွေ့ကိုးလနှင့် ကွင်းလက်တွေ့သုံးလ သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း၊ အမှတ်စဉ်(၁)အဖြစ် ဖွင့်လှစ်ခဲ့သည့် ယခုသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၆၅ ဦး တက်ရောက်ခဲ့ပြီး အားလုံးကို ဒုတိယလက်ထောက်ဦးစီးမှူး ရာထူးဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

ထို Interest groups ရည်ရွယ်ချက်နှင့် လုပ်ငန်းရပ် ၃ အုပ်စုတို့အပြင် ပြည်သူလူထုဘေးအန္တရာယ်ကင်းရေး၊ လူများ ကျန်းမာရေးအတွက် သင့်လျော်သော၊ သာယာသော လူ့ပတ်ဝန်းကျင်ပေါ်ပေါက်ရေးကို ဦးတည်ရသော နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသော စည်ပင်သာယာရေးကော်မတီများရှိသည်။ အထက်တွင် ဖော်ပြခဲ့သော Interest groups ရည်ရွယ်ချက်နှင့် လုပ်ငန်းရပ် ၃ အုပ်စုတို့တွင် ဒုတိယအုပ်စုဝင် ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်များသည် ရင်းနှီးမြှုပ်နှံသူများကို အထောက်အကူပြုကူညီသူများသာဖြစ်သည်။

အထက်ပါအုပ်စု ၃ စုတို့ ပူးပေါင်းဆောင်ရွက်ပုံကို စာရေးသူက သကြ်န်မတိုင်မီရေးသော ဆောင်းပါးတွင် Tripartite သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ပုံကို ဖော်ပြခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူ သူဌေးကြီးများက ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ပင်ပန်းစွာဝင်၍ သံမည်မျှထည့်၊ ကွန်ကရစ်အချိုး မည်သို့စပ်၊ တိုင်၏ အလျား၊ အနံသည် မည်မျှဖြင့်ဆောက် အစရှိသည်များကို ညွှန်ကြားကြပါလျှင် ထိုသူတို့သည် ထိုပညာတွင် ကျွမ်းကျင်သူများမဟုတ်သဖြင့် ယခုလက်တွေ့ကြုံခဲ့သကဲ့သို့ လူ့အသက်ပေါင်းများစွာနှင့် ပစ္စည်းပေါင်းများစွာ ဆုံးရှုံးနိုင်ပါသည်။

အကောင်းဆုံး၊ အသင့်လျော်ဆုံးသောနည်းမှာ Tripartite သုံးပွင့်ဆိုင်စနစ် ပေါ်ပေါက်ပြီး ရင်းနှီးမြှုပ်နှံသူများကို “ကန်ထရိုက်” သို့မဟုတ် “ဆောက်လုပ်ရေးလုပ်ငန်းရှင်” ဟူသော အခေါ်များ အစား “ရင်းနှီးမြှုပ်နှံသူ” Investor သို့မဟုတ် Real Estate Developer ဟု ခေါ်ဆိုသင့်ပြီး လက်တွေ့ဆောက်လုပ်ရသူများကိုသာဆောက်လုပ်ရေးကုမ္ပဏီ Construction Companies ဟု ခေါ်ဆိုသင့်ပါသည်။ အရေးကြီးသောအချက်သည် ရင်းနှီးမြှုပ်နှံသူ Real Estate Developer များ၏ လုပ်ငန်းနှင့် ဆောက်လုပ်ရေးကုမ္ပဏီတို့ ခွဲခြားကြရပါမည်။ မြန်မာပြည်တွင် သီးသန့်ဆောက်လုပ်ရေးကုမ္ပဏီ Construction Companies များရှိပါသည်။ ထိုကဲ့သို့

> ❖ **အကောင်းဆုံး၊ အသင့်လျော်ဆုံးသောနည်းမှာ** Tripartite **သုံးပွင့်ဆိုင်စနစ် ပေါ်ပေါက်ပြီး ရင်းနှီးမြှုပ်နှံသူများကို “ကန်ထရိုက်” သို့မဟုတ် “ဆောက်လုပ်ရေးလုပ်ငန်းရှင်” ဟူသော အခေါ်များအစား “ရင်းနှီးမြှုပ်နှံသူ”** Investor **သို့မဟုတ်** Real Estate Developer **ဟု ခေါ်ဆိုသင့်ပြီး လက်တွေ့ဆောက်လုပ်ရသူများကိုသာ ဆောက်လုပ်ရေးကုမ္ပဏီ** Construction Companies **ဟု ခေါ်ဆိုသင့်**
>
> ❖ **မိမိတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှု အစရှိသော အထွေထွေပြဿနာများ လျော့နည်းစေရန်** Zoning plans **များ ထားရှိကြရန်လိုအပ်**

သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ကြပါက အဆောက်အအုံများပျက်စီးလျှင် ဆောက်လုပ်ရေးကုမ္ပဏီများ၏ တာဝန်သာဖြစ်ရမည်။ ဆောက်လုပ်ရေးကုမ္ပဏီများက ကျွမ်းကျင်အင်ဂျင်နီယာများထားရှိခြင်း၊ နှစ်ပေါင်း ၂၀ – ၃၀ အာမခံထားရှိခြင်း စသောစနစ်များနှင့် လုပ်ကိုင်သင့်ကြပါသည်။

**Planning Permit and Zoning Regulations ကြိုတင်ဆောက်လုပ်ခွင့်နှင့် မြို့တွင်းဇုန်များအတွက် စည်းမျဉ်းများလိုအပ်ချက်**

အထက်တွင် ဆောက်လုပ်ခွင့်ရရှိရေး လိုအပ်ချက်များကို တင်ပြခဲ့ပါသည်။ ယခုအပိုဒ်တွင် မိမိတို့နိုင်ငံရှိ မြို့များတွင် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးနှင့် အခြားသော မြို့ပြဖွံ့ဖြိုးရေးတွင် လိုအပ်ချက်များကို တင်ပြအပ်ပါသည်။ ရန်ကုန်၊ မန္တလေးနှင့် အခြား မိမိတို့မြန်မာ့မြို့များမှာ မိမိတို့၏ ယဉ်ကျေးမှုအဆင့်၊ မိမိတို့လူ့ဘောင်၏ ကြန်အင်လက္ခဏာများကို ဖော်ပြလျက်ရှိသည်။ ယခုကဲ့သို့ ပြန်လည်တည်ဆောက်ကြသည့် အခါတွင်လည်းကောင်း၊ အဆောက်အအုံသစ်များ ဆောက်လုပ်သည့် အခါတွင်လည်းကောင်း အထပ်မြင့်အဆောက်အအုံများသည် မိမိတို့၏ အထွတ်အထိပ်ဖြစ်သည့် ဘုရားစေတီပုထိုးများကို လွှမ်းခြင်းမရှိသင့်ပါ။ သမ္မတကြီး ဦးသိန်းစိန်အစိုးရ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်လက်ထက်တွင် မြန်မာတို့၏ အထွတ်အထိပ်ဖြစ်သော ရွှေတိဂုံစေတီတော်ဝန်းကျင် အဆောက်အအုံများကို စေတီတော်ရင်ပြင်ထက်ပို၍ မမြင့်ရန် စည်းကမ်းကို လက်ခံကျင့်သုံးခဲ့ကြသည်။ မန္တလေးမြို့တွင်လည်း သမ္မတကြီး ဦးသိန်းစိန်အစိုးရ၊ ဝန်ကြီးချုပ် ဦးရဲမြင့်လက်ထက်တွင် နန်းမြို့ရိုးပတ်လည်နှင့် မန္တလေးတောင်မြင်ကွင်းကို ကွယ်စေသည့် ၆၆ လမ်းတစ်လျှောက်တွင် အဆောက်အအုံ အမြင့်သတ်မှတ်ချက် စည်းကမ်းများထားရှိခဲ့သည်။

မြန်မာမြို့များ ကြန်အင်လက္ခဏာ ထိန်းသိမ်းရေးအပြင် လမ်းဆုံလမ်းခွများတွင်ကပ်၍ အထပ်မြင့်အဆောက်အအုံများ တည်ဆောက်လျှင် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ထိုနေရာများတွင် ယာဉ်ရပ်နားရန်နေရာမရှိခြင်း စသည်တို့ကြောင့် မြို့များတွင် Zoning plans များ ထားရှိကြပါသည်။ Zoning plans များတွင် မြို့တွင်းဇုန်တို့အလိုက် Building heights ဆောက်ခွင့်ရှိသောအမြင့်၊ Floor area densities ကြမ်းခင်းဧရိယာသိပ်သည်းမှု၊ Set-back distance လမ်းမှ နောက်ဆုတ်ရန် အကွာအဝေး အစရှိသည်တို့ကို သတ်မှတ်ပါသည်။ ထိုအချက်နှင့် တွဲဖက်၍ အထက်တွင် ဆွေးနွေးခဲ့သော B.P. ဆောက်လုပ်ခွင့်ပါမစ်မတင်မီ Planning Permit ဟုခေါ်သော “အကြိုဆောက်လုပ်ခွင့်” ကိုတင်သော စည်းကမ်းထားကြသည်။ ထို P.P. “အကြိုဆောက်လုပ်ခွင့်” တွင် အထက်၌ ဆွေးနွေးခဲ့သော အသေးစိတ်ပုံများ၊ Structural calculations စသည်တို့မပါသေးဘဲ ဗိသုကာပုံစံများသာ လိုအပ်သည်။ ထိုသို့ Planning Permit ခေါ် “အကြိုဆောက်လုပ်ခွင့်” ထားရှိခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူတို့သည် ဗိသုကာများ၏အကူအညီနှင့် ဆောက်လုပ်မည့်အဆောက်အအုံ၏ အတိုင်းအတာ၊ အမြင့်၊ ရရှိနိုင်မည့် အခန်းပေါင်း စသည်တို့ကို ကြိုတင်တွက်ချက်နိုင်ပါသည်။

**အကျဉ်းချုံးအဆိုပြုချက်များ**

ဤဆောင်းပါးမှ အချက်အားလုံးတို့ကို ခြုံ၍ တင်ပြရပါလျှင် (၁) ယခု မတ်လတွင် ကြုံခဲ့ရသော အသက်နှင့်အိမ်ရာများ ဆုံးရှုံးသူများ ပြန်လည်တည်ဆောက်ရေးတွင် ဘဏ်ချေးငွေစနစ်ဖြင့်လည်း ပါဝင်ကူညီသင့်ပါကြောင်း တင်ပြအပ်ပါသည်။ (၂) Real Estate Developer ဟု ခေါ်ဆိုသင့်သော ရင်းနှီးမြှုပ်နှံသူများ၊ ဆောက်လုပ်ရေးကဏ္ဍတွင် ကျွမ်းကျင်သည့် ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်ကြီးများနှင့် ဆောက်လုပ်ရေးကုမ္ပဏီ Construction Companies တို့သည် Tripartite သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ကြလျှင် နောက်နောင် ဘေးအန္တရာယ်များ ပေါ်ပေါက်လာလျှင် လူ့အသက်များနှင့်ပစ္စည်းများ ဆုံးရှုံးခြင်းများ များစွာလျော့နည်းပေမည်။ (၃) မိမိတို့ ပတ်ဝန်းကျင်၊ မိမိတို့မြို့ရွာများသည် မိမိတို့၏ ဘဝ၊ မိမိတို့၏ ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ထုတ်သည်။ မိမိတို့၏ ယဉ်ကျေးမှုအရ မိမိတို့၏ ဘုရားစေတီပုထိုးများအပေါ် အထပ်မြင့်အဆောက်အအုံများဖြင့် လွှမ်းမိုးခြင်း၊ စေတီပုထိုးများ၏ အမြင်လမ်းကြောင်း ပိတ်ဆို့ခြင်းများ မဖြစ်အပ်ပေ။ မိမိတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှု အစရှိသောအထွေထွေ ပြဿနာများ လျော့နည်းစေရန် Zoning plans များ ထားရှိကြရန် လိုအပ်ပါသည်။

---

## မိုး တစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် မေ ၁၃ ရက်၌ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# လျှော့စျေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၂

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာဝယ်ယူနိုင်ရန် ရည်ရွယ်၍ ငလျင်ဘေးသင့် ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ်ကို မေ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပလျက်ရှိရာ ယနေ့တွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးတို့ လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးဦးမင်းမင်းနှင့် ဦးကျော်ရွှေထွန်းနှင့်




တာဝန်ရှိသူများသည် “FROM REPAIR TO PREPARE- ပျက်၍ ပြင်ဆင်ခြင်းမှသည် ကြိုတင်ပြင်ဆင်ခြင်းဆီသို့” ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် ဟောပြောပွဲသို့တက်ရောက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း ဥက္ကဋ္ဌ၊ ဒေါက်တာကေသီလွင်၊ Alpha Power Engineering Co., Ltd. ၏ Founder and Managing Director ဦးသက်စံ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဌာနမှူး (ငြိမ်း) ဒေါ်ခင်မေဌေးတို့၏ ဆွေးနွေးမှုများအပေါ် လိုအပ်သည်များ ထပ်မံဖြည့်စွက် အကြံပြုဆွေးနွေးကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံသံနှင့်သံမဏိအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံ၊ သံမဏိလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ပြီး အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လျှော့စျေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများရောင်းချပေးပွဲတွင် ကုမ္ပဏီ ၆၁ ခုမှ ပြခန်းပေါင်း ၇၄ ခု ဖြင့် ပြသရောင်းချပေးသွားမည်ဖြစ်ရာ သက်သာသောဈေးနှုန်းဖြင့် လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တစ်ရက်ကို အိတ်တစ်သောင်းရောင်းချပေးသွားမှာဖြစ်ပါတယ်၊ ဈေးပွဲတော်ကာလအတွင်း စက်ရုံဈေးနှုန်းအတိုင်း တစ်အိတ်ကို ငွေကျပ် ၁၉၅၀၀ နှုန်းနဲ့ ရောင်းချပေးသွားမှာဖြစ်တဲ့အပြင် နေပြည်တော် Max Showroom မှာလည်း ဆက်တိုက်ရောင်းချပေးသွားမှာဖြစ်ပါတယ်

မစန်းသော်တာလတ်


ဦးကျော်စိုး


မစန်းသော်တာလတ်


ဦးမင်းသော်


ဒေါက်တာကေသီလွင်


ဦးစိုးမိုးအောင်

မန္တလေး ငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရန် ရည်ရွယ်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ မေ ၁၂ ရက်မှ ၁၈ ရက်အထိ ငလျင်ဘေးသင့်ပြည်သူများ လွတ်လပ်စွာဝယ်ယူနိုင်ရန်အတွက် UMFCCI၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများ အသင်းနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေမှုနှင့်စပ်လျဉ်း၍ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဦးကျော်စိုး**
**Deputy Managing Director၊**
**STEEL KING COMPANY LIMITED**

ကျွန်တော်တို့ STEEL KING ကုမ္ပဏီအနေနဲ့ ဒီပြပွဲမှာ သံနဲ့ပတ်သက်ပြီးတော့ သံချောင်းတွေ၊ Hollow တွေ၊ H Beam တွေ၊ အဆောက်အအုံနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ၊ ငလျင်ဒဏ်ခံနိုင်တဲ့ မြေထိန်းတုံး Sheet pile ပစ္စည်းတွေနဲ့ သံတွေကို အဆင့်မြင့်ထုတ်လုပ်ရေး စက်နဲ့တကွ ကျွန်တော်တို့အနေနဲ့ ပြသရောင်းချပေးနေပါတယ်။

ပြပွဲရက်အတွင်း ငလျင်ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအတွက် အဆင်ပြေအောင် အထူးဈေးနှုန်းနဲ့ ရောင်းချပေးနေပါတယ်။ ကျွန်တော်တို့ အရောင်းပြခန်းမှာ ပစ္စည်းကုန်ကြမ်းတွေကို လေ့လာနိုင်သလို ကုန်ကြမ်းထုတ်လုပ်ရေး နည်းပညာတွေကိုလည်း လေ့လာနိုင်တဲ့အတွက် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဒါ့အပြင် ငလျင်နဲ့ ပတ်သက်ပြီး ရေရှည်မှာ ကာကွယ်နိုင်အောင် အဆင့်မြင့် နည်းပညာတွေ၊ စနစ်တကျ သုံးစွဲနိုင်တဲ့ အင်ဂျင်နီယာစနစ်တွေကို ကျွန်တော်တို့ STEEL KING ကုမ္ပဏီပြခန်းမှာ လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။

ဈေးနှုန်း အနေနဲ့လည်း ပစ္စည်းအမျိုးစား၊ အမယ်တွေအလိုက်၊ ရာခိုင်နှုန်းအလိုက် လျှော့ဈေးရှိပါတယ်။ လာရောက်ဝယ်ယူတဲ့ အချိန်ကျရင် KBZ Bank နဲ့ ချိတ်ဆက်ပြီး ငွေပေးချေလို့ရအောင် စီစဉ်ထားပါတယ်။ ငလျင်နဲ့ပတ်သက်ပြီး အရည်အသွေးပြည့်မီတဲ့ ဆောက်လုပ်ရေးစနစ်တွေ ဖြစ်စေချင်ပါတယ်။

**မစန်းသော်တာလတ်**
**အထွေထွေမန်နေဂျာ၊**
**MAX CEMENT**

ပွဲတော်ရက်မှာ Max ဘိလပ်မြေကို ဈေးနှုန်းသက်သာစွာနဲ့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ တစ်ရက်ကို အိတ်တစ်သောင်း ရောင်းချပေးသွားမှာဖြစ်ပါတယ်။ လာရောက်ဝယ်ယူသူတွေ အဆင်ပြေစေဖို့ ငွေသွင်းပြီးတာနဲ့ ပစ္စည်းကို တစ်ခါတည်း ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ ဈေးပွဲတော်ကာလအတွင်း စက်ရုံဈေးနှုန်းအတိုင်း တစ်အိတ်ကို ငွေကျပ် ၁၉၅၀၀ နှုန်းနဲ့ ရောင်းချပေးသွားမှာဖြစ်တဲ့အပြင် နေပြည်တော် Max Showroom မှာလည်း ဆက်တိုက် ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီ နယ်မြေအတွင်းမှာရှိတဲ့ ပြည်သူတွေ အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ဖို့အတွက် ကျွန်မတို့ MAX CEMENT စက်ရုံကြီးအနေနဲ့ နေ့စဉ်ရောင်းချပေးသွားမှာဖြစ်ပါတယ်။

**ဦးမင်းသော်**
**ကံလှကွက်သစ် ပုဗ္ဗသီရိမြို့နယ်**

MAX ကုမ္ပဏီက ဘိလပ်မြေလာရောက် ဝယ်ယူတာဖြစ်ပါတယ်။ ရွှေကြာပင်မှာလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းပေးတယ်။ ဒီပြပွဲမှာလည်း ရောင်းချနေတယ်ဆိုလို့ လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ ပွဲတော်မှာ ဈေးနှုန်းသက်သာပြီး ဝယ်ယူရတာ အဆင်ပြေတဲ့အပြင် လူတစ်ဦး အိတ် ၂၀ အထိ ရောင်းချပေးပါတယ်။ လိုအပ်နေတဲ့ သံတွေကိုလည်း ဝယ်ယူဖို့ ရှိပါသေးတယ်။ ပြည်သူတွေကို အခုလို ဈေးနှုန်းချိုသာစွာ ရောင်းချပေးတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

**ဒေါက်တာကေသီလွင်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း**

မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်းအနေနဲ့ ပြခန်းပေါင်း ၂၆ ခန်း ပါဝင်ပြီးတော့ ကုမ္ပဏီ ၁၅ ခု ပါဝင်ပြသပါတယ်။ သံနဲ့ သံမဏိ ကုမ္ပဏီ ၁၄ ခု၊ Digital Payment Partner အနေနဲ့ KBZ Pay တို့က ပါဝင်ပြသထားပါတယ်။ ဈေးနှုန်းအနေနဲ့ Market Price ထက် Discount လျှော့ချပြီး ရောင်းချပေးပါတယ်။ အခု ဈေးပွဲတော်ရောင်းချရတဲ့ အဓိကရည်ရွယ်ချက်က ငလျင်ဘေးသင့် ဒေသခံပြည်သူတွေအတွက် အလွယ်တကူ ဆောက်လုပ်ရေးပစ္စည်းတွေ ရရှိနိုင်အောင်ပါ၊ ငလျင်ဘေးသင့်တဲ့အတွက် တည်ဆောက်ရေး လုပ်ငန်းတွေ ပြန်လည်လုပ်ဆောင်ရမှာဖြစ်ပြီး လိုအပ်တဲ့ ဆောက်လုပ်ရေး လုပ်ငန်းတွေအတွက် လိုအပ်တဲ့ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းတွေကို တစ်နေရာတည်းမှာ တစုတစည်းတည်း ဈေးနှုန်းသက်သက်သာသာနဲ့ ဝယ်ယူရရှိနိုင်အောင် ရောင်းချပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ Market Price ထက် ပစ္စည်းတိုင်းကို သက်သာအောင် လျှော့ပြီး ရောင်းချပေးနေပါတယ်။

သံနဲ့ သံမဏိပစ္စည်း ပြခန်းမှာဆိုရင် အဆောက်အအုံတစ်ခုလုံးအတွက် လိုအပ်တဲ့ တည်ဆောက်ရေးပစ္စည်း အရွယ်အစားအစုံ၊ ပစ္စည်းမျိုးစုံကို ရောင်းချပေးလျက်ရှိပါတယ်။ အရည်အသွေးကိုလည်း Latest Certificate တွေနဲ့ ဆိုက်မှန်အောင် ရောင်းချပေးနေပါတယ်။ ပြပွဲကို လာရောက်လေ့လာကြည့်ရှုကြပြီး လိုအပ်တဲ့ တည်ဆောက်ရေး ပစ္စည်းတွေ ဝယ်ယူကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ငလျင်ဘေးကြောင့် ထိခိုက်ခဲ့တဲ့ ပြည်သူလူထုရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့ အနေနဲ့ ဈေးလျှော့ပြီး အလွယ်တကူ ဝယ်ယူလို့ရအောင် လာရောက် ရောင်းချပေးတာ ဖြစ်ပါတယ်။

**ဦးစိုးမိုးအောင်**
**အောင်သုခကျေးရွာ ပုဗ္ဗသီရိမြို့နယ်**

ငလျင်ဒဏ်ကြောင့် အုတ်တံတိုင်း ပြိုကျခဲ့တဲ့အတွက် ဘိလပ်မြေ လာရောက်ဝယ်ယူတာ ဖြစ်ပါတယ်။ ကြံ့နှစ်ကောင် ဘိလပ်မြေ အိတ် ၂၀ ဝယ်ယူခဲ့ပါတယ်။ လူတစ်ဦးကို အိတ် ၂၀ ရောင်းပေးတဲ့အပြင် ပြင်ပဈေးထက် အများကြီး သက်သာပါတယ်။ ကန့်သတ်ချက်တွေနဲ့ ရောင်းပေးတယ်ဆိုပေမယ့် ဝယ်ယူရတာ အဆင်ပြေပါတယ်။ အခြားလိုအပ်တဲ့လူတွေအတွက်လည်း အဆင်ပြေပါတယ်။ ဈေးရောင်းပွဲတော် ပြုလုပ်ပေးတဲ့အတွက် အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

**အောင်မင်းကျိုင်း၊ဓာတ်ပုံ- ဖိုးပြည့်စုံ**

# သူတို့ကို အပြင်မှာပဲ ခေါက်သာထား

ဟို ဥရောပသမဂ္ဂကလူတွေလေ၊ အဲဒီ မဟာ့မဟာဉာဏ်ကြီးရှင်ဆိုတဲ့သူတွေ ကြေညာလိုက်တာက ပိတ်ဆို့အရေးယူတာကို နောက်တစ်နှစ် တိုးလိုက်တာတဲ့ဗျ။ အံ့စရာကြီးပါလား။ နောင်ဆိုရင် နှစ်တိုင်း ပြန်သုံးသပ်တာမျိုး သူတို့မလုပ်တော့ရင် ကောင်းမယ်ဗျ။ လုပ်နေစရာကို မလိုတော့တာလေ။ သူတို့ အရေးယူထားတဲ့အတိုင်းပဲ အပြီးထားလိုက်တော့။ အဲဒီနည်းနဲ့ သူတို့ကို ခေါက်ထားလိုက်။ ဟိုအဝေးကနေပဲ အော်နေပလေ့စေ။ အဲဒီလိုပဲ ကြာနိုင်သလောက်ကြာကြာထားလိုက်၊ ဟိုအဝေးက အော်နေရတော့ ဝင်မရှုပ်နိုင်တော့ဘူးပေါ့။ အခုလို ကမ္ဘာကြီးအနေအထားတွေ ပြောင်းလဲသွားတဲ့အချိန်မှာ စီးပွားရေးအရပဲ ဖြစ်ဖြစ်၊ ပထဝီနိုင်ငံရေးအရပဲဖြစ်ဖြစ်၊ အခြားအကြောင်းအရာအရပဲဖြစ်ဖြစ် သူတို့လက်ထဲမှာ အရင်လို တန်ခိုးအာဏာကြာကြာမရှိတော့ပါဘူး။

မြန်မာနိုင်ငံမှာ အရင် နှစ် ၂၀၊ ၃၀ တုန်းက မရနိုင်ခဲ့တဲ့ ရွေးစရာတွေ အများကြီးရှိလာပြီ။ ဟို ဥရောပသမဂ္ဂကလူတွေနဲ့ ဂျီနီဗာတို့၊ နယူးယောက်တို့မှာရှိတဲ့ ဆင်စွယ်နန်းတော်ထက်က သူတို့ရဲ့ လက်ပါးစေတွေဟာ ကမ္ဘာကြီးရဲ့ ကံကြမ္မာကို ဆုံးဖြတ်ပေးမယ့် သူတွေမဟုတ်တော့ဘူး။ သူတို့ထက် ပိုကြီးတဲ့သူတွေက ဆုံးဖြတ်ပါတော့မယ်။

နိုင်ငံခြားက ဝင်ရောက်စွက်ဖက်နေတယ်ဆိုတဲ့ အကြောင်းတွေ ဟိုမှာ၊ ဒီမှာ အမျိုးမျိုးပြောနေကြတာပဲ။ သူတို့ဖြစ်စေချင်တဲ့အတိုင်း ဖြစ်နေသရွေ့တော့ နိုင်ငံခြားက ဝင်စွက်ဖက်တာလည်း ဘောင်ဝင်နေတာပါပဲ။ ဟိုကမ္ဘာ့အရေးလုပ်နေတယ်ဆိုတဲ့ လူတွေ တောင်းဆိုသမျှကို အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတွေက ဒူးထောက်လိုက်လုပ်နေသရွေ့ပေါ့။ ဟန်ဂေရီ၊ ဆားဘီးယား၊ ဆလိုဗက်ကီးယား၊ ရိုမေးနီးယားက သတ္တိရှိတဲ့ခေါင်းဆောင်တွေကိုတော့ ချီးကျူးပါတယ်။

ဟိုဆလိုဗက်ကီးယားက ခေါင်းဆောင်ဆိုရင် သေနတ်နဲ့တောင် အပစ်ခံလိုက်ရသေးတယ်။ ဒါပေမယ့် ဘုရားသခင်က သူ့ဘက်မှာရှိနေလို့ တော်သေးတာ။ ဆားဘီးယားဆိုတဲ့ အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံကို မကြာသေးခင်က မော်စကိုမှာလုပ်တဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ စစ်ရေးပြအခမ်းအနားကို တက်ဖို့ဆုံးဖြတ်တာနဲ့ပတ်သက်ပြီး ခြိမ်းခြောက်ခံနေရတယ်။

အောင်ပွဲနေ့ဆိုတာ နာဇီတွေကို နိုင်ခဲ့တာရယ်၊ နာဇီတွေက လူသားတွေကို ဘယ်လောက်တောင် ကြောက်စရာကောင်းအောင် ဒုက္ခပေးခဲ့လဲဆိုတာကို အမှတ်ရစေတဲ့နေ့လေ။ ဥရောပသမဂ္ဂရဲ့ မဟာဉာဏ်ကြီးရှင်တွေက အဲဒီလို နာဇီတွေရှုံးတာကို မကျင်းပချင်တော့ဘူးတဲ့လား။ အံ့ပါရဲ့၊ ဒီလို ကြောင်သူတော်တွေ မြန်မာနိုင်ငံထဲ မဝင်လာစေနဲ့၊ အပြင်မှာပဲ နေပလေ့စေ။

မြန်မာနိုင်ငံဟာ ပြည်ပက ဝင်ရောက်စွက်ဖက်တာကို တော်တော်လေး အသားကျနေတဲ့နိုင်ငံပါ။ အထူးသဖြင့် နိုင်ငံခြားတိုင်းပြည်တစ်ခုဆိုရင် မြန်မာ့အရေးမှာ လွတ်လပ်ရေးရတဲ့အချိန်ကတည်းက ဝင်ပါနေတာ။ အဲ- နေဦး။ အဲဒါ အတိအကျမဟုတ်သေးဘူး၊ လွတ်လပ်ရေးမရခင်ကတည်းက ဝင်ပါနေတာ။

သူတို့မြန်မာနိုင်ငံကို တစ်စစီခွဲဖို့စိတ်ဖို့ ကြိုးစားနေတာကြာပြီ။ **“သွေးခွဲအုပ်ချုပ်တယ်”** ဆိုတာ ဘယ်သူစတီထွင်ခဲ့တာလဲ။ အဲဒါကြောင့် **“ဖက်ဒရယ်”** ဆိုတာကို ကျယ်ကျယ်လောင်လောင် ပြောနေကြတာ။ အရူးလုပ်ခံမနေနဲ့။ ဖက်ဒရယ်ဆိုတာ နောက်ဆုံးတိုင်းပြည်ပြိုကွဲသွားဖို့ လှည့်စားထားတဲ့ အပေါ်ယံမျက်နှာဖုံးပဲ။

ဟိုနိုင်ငံက ခေါင်းဆောင်တစ်ယောက်ဆိုရင် ရွှေတိဂုံဘုရားလို အမြင့်မြတ်ဆုံးနေရာကို လာတုန်းတောင် နယ်ချဲ့ဝါဒီစာဆို ကစ်ပလင်ရဲ့စာတွေကို အာချောင်သွားသေးတယ်။ တကယ်လို့ တိုင်းပြည်ခေါင်းဆောင်တစ်ယောက်ယောက်က ဗာတီကန်နန်းတော်ထဲမှာရှိတဲ့ စစ်စတင်းချယ်ပယ်လ်တို့၊ ဂျေရုဆလင်မြို့ဟောင်းက အနောက်ဘက်တံတိုင်းတို့လို နေရာမျိုးကိုသွားပြီး အဲဒီလိုမောက်မာတဲ့ စကားမျိုး အာချောင်ကြည့်စမ်းပါလား။ မြန်မာနိုင်ငံမှာမို့လို့သာ သူလစ်သွားနိုင်ခဲ့တာ။ သူတို့အတွက်တော့ မြန်မာလူမျိုးတွေက အမြဲတမ်းဇာတ်နိမ့်တဲ့ လူမျိုးတွေပဲ။

အာရှနိုင်ငံငယ်လေးက ဒီလို အသားညိုတဲ့လူတွေကို သူတို့တကယ်အရေးမလုပ်ပါဘူး။ လွန်ခဲ့တဲ့ နှစ် ၈၀ က သူတို့မပြီးပြတ်ခဲ့တဲ့ကိစ္စကို အခုထိ မဆုတ်မနစ်လိုက်လုပ်နေတာ။ သူတို့စိတ်ထဲမှာတော့ နေမဝင်အင်ပါယာကြီးက အခုထိရှိတုန်းပဲ၊ သူတို့ကို အပြင်မှာပဲခေါက်သာထား။

ဟိုဂျီနီဗာတို့ နယူးယောက်တို့က အထက်တန်းလွှာထဲမှာ တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးသူတွေက မြန်မာ့သမိုင်းအကြောင်း ဘာမှနားမလည်ဘူး၊ တော်တော်လည်း အတွေးအမြင်နည်းကြတယ်။ သမိုင်းဝင်မြေငလျင်ကြီး ဖြစ်သွားပြီးတဲ့နောက်မှာတော့ ဟိုအထူးသံတမန်ကြီးလည်း ရှောင်မနေနိုင်တော့ဘူးထင်တယ်။

ဒီလိုအခွင့်အရေးမျိုးက နောက် အနှစ် ၁၀၀ လောက်မှ တစ်ခါတောင်ပြန်ရဖို့မလွယ်ဘူး မဟုတ်လား။ အပျက်အစီးတွေကို နောက်ခံထားပြီး ဓာတ်ပုံလှလှလေးတွေ၊ ဗီဒီယိုမှတ်တမ်းကောင်းကောင်းလေးတွေ ရိုက်ထားလိုက်ရတာ။ နောင် အလုပ်လျှောက်တဲ့အခါ ထည့်ပြဖို့လည်း အရမ်းကောင်းတာပဲပေါ့။

LinkedInမှာ တင်ဖို့ ဒီထက်ကောင်းတာမရှိ၊ ကွက်တိ။ ကရုဏာတဲ့လား၊ ဝေးသေး၊ စိတ်ရင်းစေတနာနဲ့ လုပ်တာမဟုတ်ဘူး၊ အို တကယ့်ကို စိတ်ရင်းစေတနာအစစ်နဲ့ အဝေးကြီးဆိုတာကို မမေ့ကြနဲ့ဗျို့။

ဟိုအကြီးအကဲဆိုတဲ့လူကြီး သူ့လုပ်သက်ကိုးနှစ်မြောက်မှ ကော့စ်ဘဇားကို ရောက်လာခဲ့တာလေ။ လူတွေက အဲဒီလို စေတနာပြစားတာကို မြင်ပြီး မျက်ရည်တွေဝိုင်းကြရမှာ။ မကြာသေးခင် ရက်သတ္တပတ်တွေကတော့ ကက်ရှ်မီးယားမှာ တင်းမာမှုတွေ ဖြစ်နေတယ်။

ပြည်သူတွေကို ပြန်သတိပေးရအောင်၊ ဟို တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးတဲ့လူတွေက ၁၉၄၈ ခုနှစ်ကတည်းက ကက်ရှ်မီးယားမှာ ရှိနေတာလေ။ *စာမျက်နှာ ၁၁ သို့*


www.gnlm.com.mm 9 MAY 2025 THE GLOBAL NEW LIGHT OF MYANMAR 9

ARTICLE

# Keep them out

By Kyaw Myint Tun

THE great minds at the EU announced the extension of the sanctions for another year. Wonderful!!! Let's hope that in the future, they don't do the annual review anymore. Why bother? Let them keep the sanctions. That way, they stay away! They shout from afar! Keep them like that as long as possible! Shouting from afar, they can't interfere much. In this changed global landscape, economically, geopolitically or otherwise, they are no longer the power they used to be.

Myanmar has many options at its disposal that were not possible 20, 30 years ago. Those in the EU, together with their minions at the Ivory Towers in Geneva and New York, are not the ones to decide the fate of the world. The bigger ones will!

There are all kinds of talks about foreign interference! All's well with foreign interference as long as all of their objectives are in the picture. As long as sovereign states get on their knees to the demands of these globalists. Kudos to courageous leaders from Hungary, Serbia, Slovakia, and Romania. In the case of the leader in Slovakia, he even got shot, but God was on his side! Serbia, a sovereign country, has been threatened recently for the decision to attend the Victory Day Parade in Moscow. The Victory Day is to celebrate the defeat over the Nazis and the horror they inflict upon the humanity. So the brightest minds in the EU now wishes not to celebrate the defeat of the Nazis? Wow!!! Keep these hypocrites out of Myanmar! Keep them out!

Myanmar is very familiar with foreign interference. A particular foreign country has been interfering in Myanmar's affairs since its independence. Wait, that's not factually accurate, the interference is since before independence. They have been trying to break apart Myanmar. Who invented "divide and conquer"? That's why the so-called "federalism" is being talked about aloud. Let's not be fooled! Federalism is a cover for the eventual disintegration of the country. A leader of that particular country even recited Kipling while visiting the most venerable Shwedagon Pagoda! Imagine a leader of a country says something so offensive on a visit to the Sistine Chapel or the Western Wall? Only in Myanmar, they get away! To them, the Myanmar people will always be of a lower caste. They don't really care about these brown skin people from a small country in Asia. It's their unfinished business from 80 years ago that they continue to tirelessly pursue. In their mind, the sun hasn't set on the empire! Keep them out!

Self-absorbed people (SAPs) in the Ivory Towers in Geneva and New York don't understand and are ignorant about the history of Myanmar. The great envoy couldn't help to stay away after the historic earthquake. Something like this might not come for another 100 years! Great photo ops and video clip with the ruins in the background. Wonderful addition for future employment. Great LinkedIn moment! Nothing more! It was not about compassion! Let's not forget, truly out of compassion (oh so truly out of great compassion!), the big boss visited Cox's Bazar in the 9th year of the term! People should be moved to tears by such a show of compassion! Tensions in Kashmir have been rising in recent weeks. Let's remind people that those SAPs have been in Kashmir since 1948. Their longest presence anywhere. What did they ever do except change one envoy after another? Now, Kashmir is on the brink of a full-blown conflict. No wonder their big Uncle is considering withdrawing from funding. What did they do all those decades in Sudan? South Sudan? Congo? Recent headlines on Haiti said, "Gang-ravaged Haiti nearing point of no return". One million Haitian children face a critical food shortage. In Sudan, "more Sudanese refugees are fleeing as far as Europe". Again, the simple question is, what have they done in these countries all these years? Keep them out!

Their objective is to prolong conflicts, not to solve. Solving conflicts translates to the end of payroll. Even after their term, they can't fade away. They have to keep their names on the radar for future appointments. These egomaniacs are so blinded, they didn't realise they borrowed SAC (yes, SAC!) in their acronym. Some put on military fatigues to visit refugee camps and armed ethnic groups. Who's that tough guy? Keep these SAPs out!

Last but no less important, shout out to the world-class sex harasser at the Court! Como estais?

(The views and opinions expressed in this article are those of the author)

❂ **သူတို့ရဲ့ရည်ရွယ်ချက်က ပဋိပက္ခတွေကို ပြေလည်စေဖို့မဟုတ်ဘူး၊ ပိုကြာအောင်ဆွဲဆန့်နေဖို့။ ပဋိပက္ခတွေပြေလည်သွားရင် သူတို့လစာ ရပ်သွားမှာလေ။ သူတို့ သက်တမ်းကုန်သွားရင်တောင် ပဋိပက္ခတွေ ပျောက်သွားလို့မဖြစ်ဘူး။ နောင်ခန့်အပ်ခံရဖို့အတွက် သူတို့နာမည်ကို လူတွေသိနေအောင် လုပ်ထားရတယ်**

❑ **ဒီကိုယ့်ကိုယ်ကိုယ် အရမ်းအထင်ကြီးတဲ့လူတွေက မျက်စိတွေကွယ်နေတာ၊ သူတို့ရဲ့အတိုကောက်နာမည်ထဲမှာ “SAC”(ဟုတ်တယ် SAC !!!) ဆိုတာ ပါနေတာတောင် သတိမထားမိဘူး။ တချို့က ဒုက္ခသည်စခန်းတွေနဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေဆီကိုသွားတုန်း စစ်ဝတ်စုံတွေတောင် ဝတ်ထားသေးတယ်။ အဲဒီလောက်စရိုက်ကြမ်းတာ ဘယ်ကောင်လဲ။ ဒီကိုယ့်ကိုယ်ကိုယ်အထင်ကြီးတဲ့ လူတွေကို အပြင်မှာပဲထား**

❋ **အောင်ပွဲနေ့ဆိုတာ နာဇီတွေကို နိုင်ခဲ့တာရယ်၊ နာဇီတွေက လူသားတွေကို ဘယ်လောက်တောင် ကြောက်စရာကောင်းအောင် ဒုက္ခပေးခဲ့လဲဆိုတာကို အမှတ်ရစေတဲ့နေ့လေ။ ဥရောပသမဂ္ဂရဲ့ မဟာဉာဏ်ကြီးရှင်တွေက အဲဒီလို နာဇီတွေရှုံးတာကို မကျင်းပချင်တော့ဘူးတဲ့လား။ အံ့ပါရဲ့၊ ဒီလို ကြောင်သူတော်တွေ မြန်မာနိုင်ငံထဲ မဝင်လာစေနဲ့၊ အပြင်မှာပဲ နေပလေ့စေ**

❍ **မြန်မာနိုင်ငံဟာ ပြည်ပက ဝင်ရောက်စွက်ဖက်တာကို တော်တော်လေး အသားကျနေတဲ့နိုင်ငံပါ။ အထူးသဖြင့် နိုင်ငံခြားတိုင်းပြည်တစ်ခုဆိုရင် မြန်မာ့အရေးမှာ လွတ်လပ်ရေးရတဲ့အချိန်ကတည်းက ဝင်ပါနေတာ။ အဲ- နေဦး။ အဲဒါအတိအကျမဟုတ်သေးဘူး၊ လွတ်လပ်ရေးမရခင်ကတည်းက ဝင်ပါနေတာ**

❂ **အာရှနိုင်ငံငယ်လေးက ဒီလို အသားညိုတဲ့လူတွေကို သူတို့တကယ်အရေးမလုပ်ပါဘူး။ လွန်ခဲ့တဲ့ နှစ် ၈၀ က သူတို့မပြီးပြတ်ခဲ့တဲ့ကိစ္စကို အခုထိ မဆုတ်မနစ်လိုက်လုပ်နေတာ။ သူတို့စိတ်ထဲမှာတော့ နေမဝင်အင်ပါယာကြီးက အခုထိရှိတုန်းပဲ၊ သူတို့ကို အပြင်မှာပဲခေါက်သာထား**

# နမ့်ပွန်းကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ် တန့်ယန်းခရိုင် တန့်ယန်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၂၅) ဧက ရှိသောနယ်မြေကို **"နမ့်ပွန်းကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၄၆/၂၀၂၅)အရ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း (၄) ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တည်ထောင်ထားရှိသည့် စီးပွားရေး(ထင်းရှူး) စိုက်ခင်းဟောင်းများနှင့် ယင်းစိုက်ခင်းများအနီး တစ်ဆက်တစ်စပ်တည်းရှိသည့် ဧရိယာများအား ထိန်းသိမ်းကာကွယ်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတု မျှတစေရန်နှင့် သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

နမ့်ပွန်းကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း သစ်တောဦးစီးဌာနက စိုက်ပျိုးထားသည့် တားမြစ်သစ်စာရင်းဝင် ထင်းရှူးပင်များအား ထိန်းသိမ်းကာကွယ်နိုင်မည့်အပြင် ယင်းစိုက်ခင်းဧရိယာအတွင်း ကျူးကျော်ဝင်ရောက်ဖျက်ဆီးမှုများအား ထိရောက်စွာ တားဆီးကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဧရိယာအတွင်း နေထိုင်ကျက်စားလျက်ရှိသည့် ရှဉ့်၊ တောကြက်၊ ခါနှင့် ငှက် စသည့်တိရစ္ဆာန်များအတွက် ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။


နမ့်ပွန်းကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

*စာမျက်နှာ ၁၀ မှ*

ဘယ်နေရာမှာမှ အဲဒီလောက်အကြာကြီး မနေဖူးဘူး။ သူတို့က သံတမန်တစ်ယောက်ပြီး တစ်ယောက် ပြောင်းနေတာကလွဲလို့ ဘာများလုပ်ခဲ့လို့လဲ။ အခုတော့ ကက်ရှ်မီးယားမှာ တကယ့်ကို စစ်ဖြစ်တော့မယ့်အခြေအနေကို ရောက်နေပြီ။

ဒါကြောင့် သူတို့ရဲ့ ဦးလေးကြီးက ငွေကြေးထောက်ပံ့တာကို ရပ်သိမ်းဖို့ စဉ်းစားနေတာ မဆန်းပါဘူး။ သူတို့တွေ ဆူဒန်မှာရော၊ တောင်ဆူဒန်မှာရော၊ ကွန်ဂိုမှာရော ဆယ်စုနှစ်ပေါင်းများစွာ ဘာတွေလုပ်ခဲ့လို့လဲ။ မကြာသေးခင်က ဟေတီသတင်းတွေမှာဆို **"လူဆိုးဂိုဏ်းတွေက ဖျက်ဆီးနေတဲ့ ဟေတီမပြန်လမ်းကို မြန်းဖို့နီးပြီ"** လို့တောင် ရေးနေကြပြီ။

ဟေတီက ကလေး တစ်သန်းလောက် စားစရာပြတ်လပ်မှုနဲ့ရင်ဆိုင်နေရတယ်။ ဆူဒန်အကြောင်း ပြောရရင်လည်း **"ဆူဒန်ဒုက္ခသည်တွေ ဥရောပအထိ ထွက်ပြေးနေရတယ်"**တဲ့။ ထပ်ပြီး ရိုးရိုးလေးမေးချင်တာက သူတို့ ဒီနိုင်ငံတွေမှာ နှစ်ပေါင်းများစွာ ဘာတွေလုပ်ခဲ့သလဲဆိုတာကိုပဲ။ သူတို့ကို အပြင်မှာပဲ ခေါက်သာထား။

သူတို့ရဲ့ရည်ရွယ်ချက်က ပဋိပက္ခတွေကို ပြေလည်စေဖို့မဟုတ်ဘူး၊ ပိုကြာအောင် ဆွဲဆန့်နေဖို့။ ပဋိပက္ခတွေပြေလည်သွားရင် သူတို့လစာ ရပ်သွားမှာလေ။ သူတို့ သက်တမ်းကုန်သွားရင်တောင် ပဋိပက္ခတွေပျောက်သွားလို့မဖြစ်ဘူး။ နောင်ခန့်အပ်ခံရဖို့အတွက် သူတို့နာမည်ကို လူတွေသိနေအောင် လုပ်ထားရတယ်။

ဒီကိုယ့်ကိုယ်ကိုယ် အရမ်းအထင်ကြီးတဲ့ လူတွေက မျက်စိတွေကွယ်နေတာ၊ သူတို့ရဲ့ အတိုကောက်နာမည်ထဲမှာ "SAC" (ဟုတ်တယ် SAC !!!) ဆိုတာ ပါနေတာတောင် သတိမထားမိဘူး။ တချို့က ဒုက္ခသည်စခန်းတွေနဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေဆီကိုသွားတုန်း စစ်ဝတ်စုံတွေတောင် ဝတ်ထားသေးတယ်။ အဲဒီလောက် စရိုက်ကြမ်းတာ ဘယ်ကောင်လဲ။ ဒီကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ လူတွေကို အပြင်မှာပဲထား။

နောက်ဆုံးတစ်ခုအနေနဲ့ ဒါပေမယ့်လည်း အရေးမပါဘူးလို့တော့ မထင်နဲ့နော်။ အပြည်ပြည်ဆိုင်ရာတရားရုံးက ကမ္ဘာ့အဆင့် လိင်ပိုင်းဆိုင်ရာ စော်ကားသူကြီးကို အော် ပြောလိုက်ဦးမယ်။ မင်းရော ဘယ်လိုလဲ၊ အေးဆေးလား။

**(ဤဆောင်းပါး၌ ဖော်ပြထားသော အမြင်များသည် ဆောင်းပါးရှင်၏အမြင်များသာ ဖြစ်ပါသည်။)**

**( ၉-၅-၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ဆောင်းပါးရှင် ကျော်မြင့်ထွန်း(ပါရီ)၏ Keep Them Out ဆောင်းပါးအား ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
  - (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  - (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  - (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  - (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  - (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  - (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  - (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  - (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  - (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  - (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  - (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  - (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  - (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  - (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  - (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၂

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင် ကုမ္ပဏီများမှပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အိမ်တော်ရာကျောက်စေတီ၊ အောင်မြေလောကစေတီတော်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင် ကုမ္ပဏီများမှပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားကွင်းတွင် ကျင်းပပြုလုပ်သော ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဈေးရောင်းပွဲတော် အခမ်းအနားကို တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆောက်လုပ်ရေးပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေး၍ တန်ဖိုးသင့်နေအိမ်နမူနာပုံစံဆောက်လုပ်ထားရှိမှုကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ရွှေမင်းဝံရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး၊ စည်းကမ်းစနစ်တကျရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ကျောင်းအုတ်တံတိုင်းများ ပြိုကျပျက်စီးမှုအခြေအနေများ၊ ကျောင်းဆောင်ပြိုကျပျက်စီးနေမှုအခြေအနေများနှင့် ယာယီကျောင်းဆောင်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော ကျောင်းအုတ်တံတိုင်းအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ မဟိယင်္ဂဏစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပို စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီတော်ရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုအားပေးစဉ်။

ယင်းနောက် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်၌ ဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်ရှိ အုတ်တံတိုင်းနှင့် အနန္တမေတ္တာချောင် သီလရှင်ကျောင်းတိုက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုများကို စက်ယန္တရားကြီးများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ထုံးဘိုရပ်ကွက်ရှိ ရှင်ပင်နံကိုင်းစေတီတို့တွင် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေး စခန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ထုံးဘိုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် ကျောင်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများနှင့် ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးတို့ကို ကျောင်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ယာယီကျောင်းဆောင်ဆောက်လုပ်မည့်နေရာတွင် မြေလုပ်ငန်းများ တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများ စုပေါင်း၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသော အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီး ပြိုကျပျက်စီးသွားသော အုတ်တံတိုင်းနေရာတွင် သွပ်ပြားများဖြင့် ယာယီခြံစည်းရိုးဆောက်လုပ်ပေးနေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် စနစ်သွင်းလေ့ကျင့်သင်ကြားနေသည့် ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အိုးတော်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ စာသင်ဆောင်များတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား ကျောင်းအပ်နှံစဉ် ကျောင်းသား ကျောင်းသူများအားပေးအပ်မည့် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ အစရှိသည့်ပစ္စည်းများကို စနစ်တကျထားသိုသိမ်းဆည်းရန်နှင့် ကျောင်းတွင်းယာယီနေထိုင်သည့် ဆရာ ဆရာမများအတွက် ရေ/မီး အခက်အခဲမရှိစေရေး စီစဉ်ဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နဂါးရုံဆုတောင်းပြည့်မြတ်စွာဘုရား၊ မဟာဝိဇယယံသိပုထိုးတော်ကြီး မြတ်စွာဘုရားနေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်အဟုန်မြှင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက်ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ဘုရားစေတီ ပုထိုးအပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် ရှာဖွေတွေ့ရှိသော တန်ဖိုးရှိရတနာဌာပနာပစ္စည်းများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရေး ဆောင်ရွက်စဉ်ကာလအတွင်း ဘဏ်များတွင် အပ်နှံထားရှိရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်အောင်ပြင်ရပ်ကွက်ရှိ ရွှေလှမင်းလာခန်းမ၌ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် လုံးဝပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ငလျင်ဘေးဒဏ်သင့်ပြည်သူများအား နိုင်ငံတော်မှ အင်တိုက်အားတိုက် လိုအပ်သလို ကူညီစောင့်ရှောက်ပေးနေသည့်အတွက် အားမငယ်ဘဲ ခိုင်မာသောစိတ်ဓာတ်ဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပစ္စည်း ၁၆ မျိုးပါဝင်သော ထောက်ပံ့ပစ္စည်းအိတ်များကို ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသည့် ပညာရှင်များနှင့်တိုင်ပင်၍ ငလျင်ဒဏ် အင်အားရစ်(ခ်)တာစကေး အဆင့် (၈) အထိခံနိုင်သည့် အဆောက်အအုံများတည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများတည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံထုတ် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ သီးခြားလိုအပ်ချက်များ၊ အခက်အခဲများကိုလည်း ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ သတင်းပို့ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအုပ်စုရှိ SANNSHINN & BROTHER Co.,Ltd. (TARGET ဖိုင်ဘာဘိလပ်မြေပြားထုတ်လုပ်ရေးလုပ်ငန်း)စက်ရုံသို့ သွားရောက်ကြည့်ရှုခဲ့ရာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုအခြေအနေတို့ကို စက်ရုံတာဝန်ရှိသူက ရှင်းလင်းတင်ပြခဲ့ပြီး စက်ရုံအတွင်း TARGET အမှတ်တံဆိပ်ပါ ဖိုင်ဘာ ဘိလပ်မြေပြားများ ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*
ငှင်းဖိုင်ဘာ ဘိလပ်မြေပြားများသည် နိုင်ငံခြားသွင်းကုန်အစားထိုးဆောင်ရွက်နိုင်သည့် အရည်အသွေးမီ ကုန်ပစ္စည်းများဖြစ်သဖြင့် ငလျင်ဘေးဒဏ်သင့်ဒေသများသို့ စက်ရုံမှထွက်ရှိလာသည့် ဖိုင်ဘာဘိလပ်မြေပြားများကို ဦးစားပေးစနစ်ဖြင့် ရောင်းချပေးနိုင်ရေး၊ ထုတ်လုပ်မှုအရည်အသွေး မကျဆင်းစေရေး၊ ဖိုင်ဘာဘိလပ်မြေပြားများ မူလကထက်ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် စက်ရုံအတွင်းအပြင် မီးဘေးလုံခြုံမှုစနစ်တကျရှိစေရေးတို့အား မှာကြားခဲ့ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် စေတနာရှင်၊ အလှူရှင်များ၏လက်ဝယ်သို့ နဝမမြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သံဃာတော်များ၊ မြို့မိမြို့ဖများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့်တိုင်ပင်၍ ငလျင်ဒဏ်အင်အား ရစ်(ခ်) တာစကေးအဆင့်(၈)အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန်လိုအပ်ကြောင်း လျှောက်ထားမှာကြားခဲ့ကာ မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ နဂါးရုံဆုတောင်းပြည့်မြတ်စွာဘုရား ထိခိုက်ပျက်စီးခဲ့သည့်အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။**

မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအိမ်အဆောက်အအုံကို စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အအုံများကို ရှင်းလင်းဆောင်ရွက်ရာတွင် ဘေးပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်ဆုံးရှုံးမှုမရှိစေဘဲ စနစ်တကျ ရှင်းလင်းဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်မီးကြိုးများကို စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးခဲ့ကာ လုပ်ငန်းခွင်အန္တရာယ် ထိခိုက်မှုမရှိစေရန်နှင့် အပျက်အစီးများကို အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့ပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများကို SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အချိန်အထိ အဆောက်အအုံ ၆၉၄၇ လုံးကို စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၆၆၁၁ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၃၃၆ လုံးမှ အဆောက်အအုံ ၃၂၁ လုံးတို့အား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၁၅ လုံးကျန်ရှိပြီး ကျန်ရှိနေသည့် အဆောက်အအုံ ၁၅ လုံးအနက် ဘာသာရေးဆိုင်ရာ အဆောက်အအုံသုံးလုံးသည် သက်ဆိုင်ရာအဖွဲ့အစည်းများ အစီအစဉ်ဖြင့် ဖျက်သိမ်းလျက်ရှိကြောင်းနှင့် ဌာနဆိုင်ရာအဆောက်အအုံ ၁၂ လုံးသည် သက်ဆိုင်ရာဝန်ကြီးဌာနအစီအစဉ်ဖြင့် စစ်ဆေးမှုခံယူနိုင်ရေး တင်ပြထားကြောင်း သိရသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်းများ အခြေအနေနှင့် ဝန်ထမ်းများအတွက် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော သုံးခန်းတွဲယာယီလိုင်းခန်းများ တည်ဆောက်ပေးမည့်မြေနေရာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး သောက်သုံးရေ၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများလုံခြုံစွာနေထိုင်နိုင်ရေး၊ ဝန်ထမ်းများစားသောက်မှုအဆင်ပြေစေရေးအတွက် ရေသန့်များဆောင်ရွက်ပေးသွားရန်နှင့် သား/ငါး၊ အသီးအရွက်၊ ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်မှာကြားပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*❊ ကျောဖုံးမှ*
လက်ကျန်နှစ်ပွဲတွင် ဆက်လက်ရှန်းကန်ရမည်ဖြစ်သည်။

ရခိုင်ယူနိုက်တက်အသင်းသည် စည်သူအောင်၊ သီဟထက်အောင်၊ အောင်လှိုင်ဝင်း၊ အောင်နိုင်ဝင်း၊ ခင်ကျော်ဝင်းတို့ဖြင့် လူစုံခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းကလည်း မောင်မောင်စိုး၊ ရန်နိုင်အောင်၊ ဘိုဘိုအောင်၊ သန်းတိုးအောင်တို့ကို အသုံးပြုခဲ့သည်။ ၁၈ မိနစ်တွင် ခင်ကျော်ဝင်းက ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၅၂ မိနစ်တွင် ဇော်ဇော်ထိုက်က ဟံသာဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ် (၃) အပြီးတွင် အုပ်စု (က) ၌ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက သုံးပွဲကစား ကိုးမှတ်၊ သစ္စာအားမာန်အသင်းက နှစ်ပွဲကစား လေးမှတ်၊ Dagon Port အသင်းက နှစ်ပွဲကစား သုံးမှတ်၊ တက္ကသိုလ်အသင်းက နှစ်ပွဲကစား တစ်မှတ်၊ YB United အသင်းက သုံးပွဲကစား အမှတ်မရသေး၊ အုပ်စု (ခ) ၌ ရန်ကုန်ယူနိုက်တက်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ မဟာယူနိုက်တက်အသင်းက နှစ်ပွဲကစား လေးမှတ်၊ ရန်ကုန်ရှိုင်ရယ်အသင်းက သုံးပွဲကစား သုံးမှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက နှစ်ပွဲကစား တစ်မှတ်၊ ကချင်ယူနိုက်တက်အသင်းက နှစ်ပွဲကစား အမှတ်မရသေး၊ အုပ်စု (ဂ) ၌ ဟံသာဝတီယူနိုက်တက်အသင်းက သုံးပွဲကစား ငါးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းနှင့် အားကာသိပ္ပံအသင်းတို့က နှစ်ပွဲကစား လေးမှတ်စီ၊ Chinland အသင်းက နှစ်ပွဲကစား နှစ်မှတ်၊ Glory Goal အသင်းက သုံးပွဲကစား အမှတ်မရသေး၊ အုပ်စု (ဃ) ၌ ဒဂုံစတားယူနိုက်တက်အသင်းက သုံးပွဲကစား ခုနစ်မှတ်၊ ရတနာပုံအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြဝတီအသင်းက နှစ်ပွဲကစား သုံးမှတ်၊ ရာမညယူနိုက်တက်အသင်းက နှစ်ပွဲကစား တစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက သုံးပွဲကစား အမှတ်မရသေးပေ။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**


**ရခိုင်ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက် ယှဉ်ပြိုင်စဉ်။**

*■ ကျောဖုံးမှ*
စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၈၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် အသခ်ယာစောယွန်းအဝိုင်းအနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ်နှင့် အင်းစိန်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီ ယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Charm Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မေ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၆၀၉ တန်၊ သစ်မာ ၀ ဒသမ ၉၃၆ တန်၊ အခြားသစ် ၁ ဒသမ ၀၀၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၃၇၁၂၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

မေ ၉ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၃၅၇၀၁၀) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

*❖ ကျောဖုံးမှ*
သရေကျခဲ့ခြင်းဖြစ်သည်။ နာပိုလီအသင်းမှ တောင်ပံတိုက်စစ်ကစားသမား မက်တွန်မီနေး အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

နာပိုလီအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးများနှင့်အတူ ဂျီနိုအာအသင်းကို တစ်ဖက်သတ်ဖိအားပေး ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တား ကာကွယ်နိုင်ခဲ့သည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ယခုပွဲစဉ်သရေကျခဲ့သည့်အတွက် နာပိုလီအသင်းက ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် အင်တာမီလန်အသင်းနှင့် ပွဲအရေအတွက်တူ တစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။

စီးရီးအေပွဲစဉ် (၃၆) ပြီးသည်အထိ အမှတ်ပေးဖလားဆွတ်ခူးနိုင်မည့် အသင်းထွက်ပေါ်ထားခြင်းမရှိသေးဘဲ ပြိုင်ပွဲပြီးဆုံးရန် နီးကပ်လာလေလေ ပြိုင်ဆိုင်မှု ပြင်းထန်လာလေလေဖြစ်သည်။ လာမည့်ပွဲစဉ်တွင် နာပိုလီအသင်းသည် တန်းဆင်းဇုန်ဖိအားရှိသည့် ပါးမားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် မေ ၁၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## အာဖဂန်နစ္စတန်၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် နေအိမ်အလုံး ၁၀၀၀ ဆောက်လုပ်ပေး

ကဘူးလ် မေ ၁၂

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပွဲခ်တီကာပြည်နယ်၌ ငလျင်ဒဏ်သင့်မိသားစုများအတွက် စုစုပေါင်းနေအိမ်အလုံး ၁၀၀၀ ကို ဆောက်လုပ်ပေးခဲ့ကြောင်း နိုင်ငံပိုင် ဘက်ခ်ထာ သတင်းအေဂျင်စီက မေ ၁၂ ရက်တွင် ထုတ်ပြန်ထားသည်။

ဘက်ခ်ထာပြည်နယ် ဂါယန်ခရိုင်၌ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာ)က ငွေကြေးပံ့ပိုးခဲ့သည့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ သန်းဖြင့် နေအိမ်သစ်များ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဌာနမှ ပြည်နယ်ဒါရိုက်တာ မော်လဝီဟမ်ဒူလာဖာတက်က ပြောကြားသည်။

၂၀၂၂ ခုနှစ်က ဂါယန်ခရိုင်၌ အင်အားပြင်းထန်သည့်ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ ထောင်နှင့်ချီသည့်မိသားစုများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်းနှင့် လူပေါင်း ၁၀၀၀ သေဆုံးပြီး ၁၅၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဈေးဆိုင်တစ်ဆိုင်မှ ဘွန်စိုင်းအိုးခိုးယူမှုဖြင့် ဗီယက်နမ်အမျိုးသားကို တိုကျိုရဲတပ်ဖွဲ့ ဖမ်းဆီး




တိုကျို မေ ၁၂

ပြည်ပသို့ ရောင်းချရန်ယူဆရသည့် ရက္ခဗေဒဈေးဆိုင်တစ်ဆိုင်မှ ဘွန်စိုင်းအိုးများ ခိုးယူသည်ဟု သံသယရှိသူ ဗီယက်နမ်အမျိုးသားတစ်ဦးအား တိုကျိုရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း သိရသည်။

ဖန်မင်ဒွတ်သည် ယမန်နှစ် ဒီဇင်ဘာလတွင် တိုကျိုမြို့ အခိရှိမာမြို့ရှိ ဈေးဆိုင်တစ်ဆိုင်မှ ပစ္စည်း ၂၂ မျိုးကို ယူဆောင်သွားသည်ဟု သံသယရှိကြောင်း မြို့တော်ရဲတပ်ဖွဲ့က ပြောသည်။ အချို့သော ပစ္စည်းများမှာ ဈေးကြီးပြီး အမေရိကန်ဒေါ်လာ ၆၈၀၀ ခန့်ရှိကြောင်း သိရသည်။

ခိုးယူခြင်း မရအောင် ချိတ်ဆက်ထားသည့် ဝိုင်ယာကြိုးများ ဖြတ်တောက်ခံရကြောင်းနှင့် ဘွန်စိုင်း ၂၂ အိုး၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၀၀ နီးပါးရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ အသက် ၃၀ အရွယ်ရှိ သံသယရှိသူသည် ရာဇဝတ်အဖွဲ့တစ်ဖွဲ့အတွက် ယာဉ်မောင်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ဟု ယုံကြည်ရကြောင်း သိရသည်။

သံသယရှိသူသည် အစိုးရ၏ ထောက်ပံ့ကူညီမှုနှင့်အတူ နည်းပညာသင်တန်းသားအဖြစ် ဂျပန်နိုင်ငံသို့ ရောက်ရှိလာကြောင်းနှင့် ဖောက်ထွင်းမှု ဖြစ်ပွားချိန်တွင် ၎င်း၏ ဗီဇာသက်တမ်းမှာ ကုန်ဆုံးနေပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် ငွေကြေးအခက်အခဲရှိနေပြီး လူမှုကွန်ရက်တွင် တွေ့ရှိသော ယာဉ်မောင်းအလုပ်ကို လျှောက်ထားခဲ့သည်ဟု ၎င်းက ရဲတပ်ဖွဲ့ကို ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ၆၂ ဦးခန့် သေဆုံး

ကင်ရှာဆာ မေ ၁၂

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်း တောင်ကီဗူပြည်နယ်ရှိ ဖီဇီဒေသတွင် မေ ၉ ရက်မှ ၁၀ ရက်အထိ ညလုံးပေါက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ ၆၂ ဦးခန့် သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရက မေ ၁၁ ရက်တွင် အတည်ပြုခဲ့သည်။

ကနဦးထုတ်ပြန်ချက်အရ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကီဗူပြည်နယ် ကာဆာဘာဒေသတွင် ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး နေအိမ် ၁၅၀ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။ လူပေါင်း ၃၀ ထိခိုက်ဒဏ်ရာရပြီး အများအပြား ပျောက်ဆုံးနေသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေမှတစ်ဆင့် ကူးစက်သောရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် အာဟာရချို့တဲ့မှုများ ဖြစ်ပွားနိုင်ခြေမြင့်မားကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူအများစုမှာ လုံခြုံမှုမရှိသည့် နေအိမ်များတွင် နေထိုင်ကြပြီး သန့်ရှင်းသည့် သောက်သုံးရေနှင့် ဆေးဝါးကုသခွင့်လည်း မရရှိကြကြောင်း သိရသည်။

ထိုကဲ့သို့ ရင်ဆိုင်နေရသည်မှာ တောင်ကီဗူပြည်နယ်တစ်ခုတည်းမဟုတ်ကြောင်း၊ တန်ဂါနီကာအပါအဝင် အခြားပြည်နယ်များမှာလည်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမှုဖြစ်စဉ်များကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယား သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ စတင်

ဆိုးလ် မေ ၁၂

ရှေ့လတွင်ကျင်းပမည့် တောင်ကိုရီးယား သမ္မတရွေးကောက်ပွဲအတွက် တရားဝင် မဲဆွယ်စည်းရုံးရေးကာလ စတင်လိုက်ပြီဖြစ်ရာ ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်များအား မဲဆွယ်စည်းရုံးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

တောင်ကိုရီးယားသည် သမ္မတရွေးကောက်ပွဲကို ဇွန် ၃ ရက်တွင် ကျင်းပပြုလုပ်မည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲသည် အဓိက အတိုက်အခံဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်လောင်း လီဂျေးမြောင်နှင့် အာဏာရပြည်သူ့အာဏာပါတီမှ အလုပ်သမားဝန်ကြီးဟောင်း ကင်မ်မွန်းဆူးတို့အကြား ပြိုင်ဆိုင်မှုဖြစ်မည်ဟု မျှော်လင့်ရသည်။ လီသည် ပြည်သူ့သဘောထားစစ်တမ်းတွင် ရှေ့ဆုံးမှ ဦးဆောင်နေသူဖြစ်သည်။

လီသည် ၎င်း၏ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုကို မေ ၁၂ ရက်တွင် ဆိုးလ်မြို့လယ်၌ စတင်ခဲ့ပြီး တစ်ချိန်တည်းမှာပင် ကင်မ်သည် ဆိုးလ်မြို့ဈေးတစ်ခုကို သွားရောက်လည်ပတ်ခဲ့ပြီး နိုင်ငံ၏ စီးပွားရေးကို ပြန်လည်ရှင်သန်အောင် လုပ်ဆောင်မည်ဟုဆိုကာ မဲဆန္ဒရှင်များကို စည်းရုံးခဲ့သည်။

တရားဝင်ရွေးကောက်ပွဲစည်းရုံးမှုကာလသည် ဇွန် ၂ ရက်အထိ ၂၂ ရက် ကြာမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ဟားမားစ်တို့က ဖမ်းဆီးထားသည့် ဓားစာခံတစ်ဦးလွှတ်ပေးမည်ဟု ပြော

ဂျေရုဆလင် မေ ၁၂

ဟားမားစ်တို့က မေ ၁၂ ရက်တွင် လွှတ်ပေးမည်ဟုပြောကြားသည့် အစ္စရေး - အမေရိကန်နိုင်ငံသား တစ်ဦးဖြစ်သည့် အီဒန်အလက်ဇန်းဒါးလွှတ်ပေးခြင်းမှာ အပစ်အခတ်ရပ်စဲရေးနှင့် လဲလှယ်မည်မဟုတ်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောသည်။

အစ္စရေးတောင်ပိုင်း၌ ဟားမားစ်ကဦးဆောင်သည့် စီးနင်းတိုက်ခိုက်မှုတစ်ခုတွင် လူပေါင်း ၁၂၀၀ ခန့်သေဆုံးပြီး ၂၅၁ ဦးဖမ်းဆီးခြင်းခံခဲ့ရသည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က ဖမ်းဆီးခံခဲ့ရသည့် အစ္စရေးတပ်မတော်ရှိ အမေရိကန်ဖွားတပ်မတော်သား တစ်ဦးဖြစ်သည့် အီဒန်အလက်ဇန်းဒါးကို ဟားမားစ်က လွှတ်ပေးမည်ဟု အမေရိကန်က မေ ၁၁ ရက်တွင် အစ္စရေးကို အကြောင်းကြားသည်။

အလက်ဇန်းဒါးလွှတ်မြောက်ရေး အထောက်အကူဖြစ်စေရန် နံနက်ပိုင်းမှစကာ လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းတိုက်ခိုက်မှုများအပါအဝင် အစ္စရေးတို့၏ တိုက်ခိုက်မှုများကို ရပ်နားထားကြောင်း အစ္စရေးတပ်မတော်ရေဒီယိုက ထုတ်ပြန်ထားသည်။

အလက်ဇန်းဒါးသည် ဂါဇာ၌ ကျန်ရှိနေသည့် ဓားစာခံ ၅၉ ဦးအနက် နောက်ဆုံးအသက်ရှင်နေသည့် အမေရိကန်နိုင်ငံသားဓားစာခံဖြစ်ကြောင်း၊ ၂၁ ဦးထက်မနည်း အသက်ရှင်နေဆဲဟု အစ္စရေးတို့က ယုံကြည်မိကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၅၂၈၆၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဂါဇာ ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**

## အလွန်သေးငယ်သော ပလတ်စတစ်များ သမုဒ္ဒရာရေမျက်နှာပြင်မှ ရေအောက်အနက်ပိုင်းအထိ ပျံ့နှံ့နေဟု နိုင်ငံတကာ သုတေသီအဖွဲ့ပြော

တိုကျို မေ ၁၂

အလွန်သေးငယ်သော ပလတ်စတစ်များသည် သမုဒ္ဒရာရေမျက်နှာပြင်မှ ရေအောက်မီတာထောင်နှင့်ချီသည့် အနက်ပိုင်းအထိ ပျံ့နှံ့နေကြောင်း သုတေသီများက ပြောကြားလိုက်သည်။


အလွန်သေးငယ်သော ပလတ်စတစ်ဆိုသည်မှာ အရွယ်အစားကြီးမားသော စွန့်ပစ်ပလတ်စတစ်များ၏ ဆွေးမြည့်ပျက်စီးရာမှ ဖြစ်ပေါ်လာသည့် ငါးမီလီမီတာ သို့မဟုတ် ၎င်းထက် ပိုမိုသေးငယ်သော အရာများကို ခေါ်ဆိုခြင်းဖြစ်သည်။ ငါးနှင့် အခြားသတ္တဝါများသည် အဆိုပါ ပလတ်စတစ်များကို အလွယ်တကူ မျိုချနိုင်သည့်အတွက် ဂေဟစနစ်အပေါ် ၎င်းတို့၏ လွှမ်းမိုးမှုနှင့်ပတ်သက်ပြီး စိုးရိမ်မှု မြင့်တက်လျက်ရှိသည်။

### နေရာပေါင်း ၁၈၈၅ ခုမှ အချက်အလက်များ လေ့လာသုံးသပ်ခဲ့

ဂျပန်နိုင်ငံ ပင်လယ်-ကမ္ဘာသိပ္ပံနှင့် နည်းပညာ အေဂျင်စီ (JAMSTEC) နှင့် ကမ္ဘာတစ်ဝန်းရှိ အခြားသုတေသနဌာနများမှ သုတေသီများ ပူးပေါင်းပြီး သေးငယ်သော ပလတ်စတစ်များ သမုဒ္ဒရာထဲတွင် မည်ကဲ့သို့ ဖြန့်ကြက်တည်ရှိနေသည်ကို ပိုမိုနားလည်သိရှိနိုင်ရန် သမုဒ္ဒရာထဲမှ နမူနာများကို ရယူခဲ့သည့် မတူညီသော နေရာပေါင်း ၁၈၈၅ ခုမှ ရရှိလာသည့် အချက်အလက်များကို လေ့လာသုံးသပ်ခဲ့ကြကြောင်း သိရသည်။

### ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်အကြား အချက်အလက်များဖြစ်

အဆိုပါ အချက်အလက်များမှာ ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်အကြား စုဆောင်းထားသော အချက်အလက်များဖြစ်သည်။ ၀ ဒသမ ၁ မီလီမီတာအောက်ရှိ အလွန်သေးငယ်သော အပိုင်းအစများသည် သမုဒ္ဒရာရေမျက်နှာပြင်မှ ရေအောက်အနက်ပိုင်းအထိ ပိုပြီးပျံ့နှံ့လေ့ရှိကြောင်း သုတေသီများက ပြောသည်။




### အဏ္ဏဝါဂေဟစနစ်ကို ကာလရှည်ထိခိုက်

ထိုကဲ့သို့ အလွန်သေးငယ်သော ပလတ်စတစ်အပိုင်းအစများသည် နစ်မြုပ်ရန် အချိန်ကြာမြင့်ပြီး အဏ္ဏဝါဂေဟစနစ်ကို ကာလရှည်ထိခိုက်စေကြောင်း အဆိုပါအဖွဲ့က သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သောလမ်းများ ပြန်လည်ပြုပြင်

**နေပြည်တော် မတ် ၁၂**

၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစား ခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်း ဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အားကစား သမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။ ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘော်လီဘော ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ပျဉ်းမနားမြို့နယ်အသင်းနှင့် လယ်ဝေးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများ ကို ကြည့်ရှုအားပေးကြသည်။

၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲကို မေ ၁၂ ရက်မှ ၁၆ ရက်အထိ ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပ မည်ဖြစ်ပြီး မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရာဇဌာနီလမ်းမကြီး၊ ရာဇသင်္ဂဟ လမ်းမကြီးနှင့် တော်ဝင်ရတနာလမ်းမကြီးများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ရာဇသင်္ဂဟလမ်း သပြေကုန်းအဝိုင်းအနီး မြေထိန်းနံရံထိခိုက်ပျက်စီးမှု များကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ခိုင်မြဲ အောင် ပြုပြင်ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးအတွက် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ဆောင်ရွက်ရေး၊ လမ်းခင်းကျောက်များ အသုံးပြုရာတွင် သတ်မှတ်နည်းပညာနှင့်အညီ စနစ်



တကျဆောင်ရွက်ရေး လုပ်ငန်းခွင်အတွင်း တာဝန်ရှိသူ များက အချိန်ပြည့် ကြပ်မတ်ဆောင်ရွက်ရေးနှင့် အပိုင်း လိုက် အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ) သတင်းစဉ်**

# ပီလောပီနံမှ စားသောက်ကုန်ချောထုတ်လုပ်မှုသရုပ်ပြ၊ အာလူးအစားထိုး ပီလောပီနံ အစားအစာများ စမ်းသပ်ဆောင်ရွက်

**နေပြည်တော် မေ ၁၂**

ပီလောပီနံမှ စားသောက်ကုန်ချော ထုတ်လုပ်မှုသုတေသနပြု စမ်းသပ် ခြင်းကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ရိတ်သိမ်း ချိန်လွန် အင်ဂျင်နီယာဓာတ်ခွဲခန်း (ရေဆင်း)၌ ကျင်းပသည်။

အဆိုပါ စမ်းသပ်သုတေသန ပြုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က ရာသီဥတုပြောင်းလဲ ခြင်းနှင့် သဘာဝဘေးအန္တရာယ် တို့နှင့် ကြုံတွေ့ရချိန်တွင် ဆန် အပြင် မိမိဒေသတွင်း ရရှိနိုင်သည့် သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် မြစ်စား သီးနှံများ၊ ကစီဓာတ်ကြွယ်ဝသော



သီးနှံများကို ပုံစံမျိုးစုံဖြင့် စားသုံး တတ်ရန် ပညာပေးစီမံဆောင်ရွက် ပေးခြင်းဖြင့် စားရေရိက္ခာဖူလုံရေး စီမံဆောင်ရွက်နိုင်ရန် လိုအပ် ကြောင်း၊ သို့ဖြစ်၍ ဖူဖူ ခေါ် အာဖရိကနိုင်ငံများတွင် စားသုံး သည့် ပီလောပီနံအခြေခံစားသောက် ဖွယ်ပြုလုပ်သုံးစွဲမှုနှင့် လိုအပ် သလို မြန်မာမှုပြုနိုင်ရန် စမ်းသပ် ချက်လုပ်စေခြင်း ဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံရှိ တိုင်းရင်း သားရိုးရာ အစားအစာများကို လည်း ပြန်လည်ဖော်ထုတ် ထိန်း သိမ်းပြီး ဒေသစားသုံးမှုပုံစံ၊ စားသုံး မှုစနစ်များကို မှတ်တမ်းတင်ထား ရမည်ဖြစ်ကြောင်း၊ ဆန်တို့ဟူး၊ ဝတုံ၊ ဆီတို့ဟူး၊ ဟင်းပေါင်း၊ ကယားဝက်အူချောင်း အစရှိသည့် ဒေသအလိုက် အစားအစာများကို ဆန်းသစ်တီထွင်ခြင်းများ ဆောင် ရွက်ကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုး ရေးထုတ်ကုန်များကို တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ် နိုင်ပါက အသေးစား၊ အငယ်စား နှင့်အလတ်စား MSMEs ကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုစေမည်ဖြစ် ကြောင်း ဆွေးနွေးပြောကြား သည်။

ဆက်လက်၍ တာဝန်ရှိသူများ က ပီလောပီနံမှ ဖူဖူအပြင် အခြား စားသောက်ကုန်ပစ္စည်းများ ပြုလုပ် ပုံအဆင့်ဆင့်နှင့် ပြည်တွင်းပြည်ပ မှ စားသုံးသူများ၏ စားသုံးမှုပုံစံ အမျိုးမျိုးကိုလည်းကောင်း၊ အာလူး အစားထိုး ပီလောပီနံစမူဆာ၊ ပီလောပီနံခေါပုပ်များ စမ်းသပ် ဆောင်ရွက်ထားရှိမှုကို လည်း ကောင်း ရှင်းလင်းပြသကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက် ဆွေးနွေးပြီး ပီလောပီနံအခြေခံ စားသောက်ဖွယ်ရာများ ထုတ် လုပ်သည့်နည်းပညာ၊ ဗဟုသုတ များကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် မျှဝေပေး ကြရန် မှာကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# သက်မွေးသင်တန်းများသည် ဈေးကွက်လိုအပ်ချက်များသော သင်တန်းများဖြစ်သဖြင့် သင်တန်းဆင်းများအတွက် များစွာအကျိုးဖြစ်ထွန်းစေ

**နေပြည်တော် မေ ၁၂**

အလုပ်သမားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက်ပိုင်းတွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် ရန်ကုန် တိုင်းဒေသကြီးရှိ အလုပ်သမား ရေးရာ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်း မြို့နယ်(၃)ရပ်ကွက် ရန်ကင်းလမ်းမ ကြီး၊ အမှတ်(၂၀၆/၂)ရှိ Dual Tech Vocational Institute တွင် သက် မွေးသင်တန်းများ ဖွင့်လှစ်သင်ကြား နေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ဒုတိယ ဝန်ကြီးက Dual Tech Vocational Institute မှ သင်ကြားပို့ချပေးနေ သည့်သင်တန်းများသည်ဈေးကွက် လိုအပ်ချက်များသော သင်တန်း များဖြစ်သည့်အတွက် သင်တန်း ဆင်းများအတွက် များစွာအကျိုး ဖြစ်ထွန်းစေကြောင်း၊ သင်တန်း သားများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုဘဝတိုးတက် ရေးအတွက် များစွာအထောက် အကူဖြစ်စေသည့် သင်တန်းဖြစ် ကြောင်းနှင့် သင်တန်းသားများ အနေဖြင့် သင်ကြားပို့ချနေမှုများ ကို စိတ်အား၊ ဉာဏ်အား၊ ကိုယ် ကာယအားစိုက်ထုတ်၍ သေချာ စွာလေ့လာမှတ်သားရန်လိုကြောင်း၊ နိုင်ငံ့သားကောင်းပီသစွာ အမိနိုင်ငံ ချစ်စိတ်ဖြင့် နိုင်ငံ့ကောင်းကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသ ကြီး သာကေတမြို့နယ် (၁၀) ရပ် ကွက် လယ်ယာ (၂) လမ်း အမှတ် ၁/ခ(A)ရှိ Golden Plant Training Center တွင် ဂဟေနည်းပညာ သင်တန်းများ ဖွင့်လှစ်သင်ကြား နေမှုကို ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက Golden Plant Training Center တွင် သင်ကြား ပို့ချနေသည့် ဂဟေသင်တန်းသည် လုပ်သားဈေးကွက်အတွင်း ကျွမ်း ကျင်လုပ်သား အမှန်တကယ် လိုအပ်နေသည့် သင်တန်းဖြစ် ကြောင်း၊ သင်တန်းဆင်းများ အတွက် ပြည်တွင်း ပြည်ပအလုပ် အကိုင်အခွင့်အလမ်းများစွာ ရရှိ သည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းကျောင်းအနေဖြင့်လည်း သင်ကြားပို့ချသည့် သင်တန်းများ ကို အရည်အသွေးပြည့်ဝသည့် သင်တန်းများဖြစ်စေရေးနှင့် မိမိ တို့ သင်တန်းဆင်းများအား သင့်တော်ကောင်းမွန်သည့် အလုပ် အကိုင်အခွင့်အလမ်းရရှိစေရေး အလုပ်ရှင်များနှင့် ချိတ်ဆက်




ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်း ကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)အသိအမှတ်ပြု အမျိုးသား အဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက် မှတ်များ ရယူနိုင်ရေးအတွက် စစ်ဆေးအကဲဖြတ်မှုခံယူနိုင်ရန် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက် ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၁၇ ကျောင်းတွင် နယ်စပ်ဒေသများမှ တိုင်းရင်းသူ အမျိုးသမီးငယ်များအား အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့် အလမ်းရရှိခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် လာစေရန် ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမ အကြိမ် သင်တန်းများအဖြစ် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံ လက်ရက်ကန်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာသင်တန်းတို့ကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်သည်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်း(လွိုင်ကော်) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ လွိုင်ကော်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဘားအံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပုသိမ်မြို့ အိမ်တွင်းမှုသင်တန်း ကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဆိုက်ခေါင်အိမ်တွင်းမှုသင်တန်း ကျောင်းတွင် ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ မြိတ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်း ဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ ကော့သောင်းမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တာချီလိတ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းတို့ တက်ရောက် ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်း များ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး များနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းကျောင်း ၁၇ ကျောင်းတွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းသူ ၄၆၀၊ ရိုးရာဂျပ်ခုတ်သင်တန်းသူ ငါးဦး၊ အခြေခံလက်ရက် ကန်းသင်တန်းသူ ငါးဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသူ ၄၀ သင်တန်းသူ စုစုပေါင်း ၅၁၀ အား မေ ၁၂ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွား မည်ဖြစ်သည်။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူ စုစုပေါင်း ၉၇၂၉၁ ဦး သင်ကြား လေ့ကျင့် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## (၁၅)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းထုတ်ပြန်

**နေပြည်တော် မေ ၁၂**

စွယ်စုံမီဒီယာဂရု(ပ်) (SweSone Media Group) ၏ သုတစွယ်စုံ စာအုပ်တိုက်က ချီးမြှင့်မည့် (၁၅) ကြိမ်မြောက် သုတစွယ်စုံစာပေဆု အတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ ၂၀၂၃ ခုနှစ်အတွက် သုတစွယ်စုံတစ်သက်တာ စာပေဆုကို ဆရာကြီး ဒေါက်တာခင်မောင်ညို့ရရှိပြီး ၂၀၁၈ ခုနှစ် အတွက် ရည်ညွှန်းစာပေဘာသာရပ်တွင် နိုင်ဇော်၏ "ထင်ရှား ထူးချွန် ဆရာဝန်"၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်အတွက် ဗိုလ်အေးမြင့်ကြူ ၏ "ကျွန်တော့်ကို မမေ့ပါနဲ့"၊ ၂၀၁၉ ခုနှစ်အတွက် သုတ(ဝိဇ္ဇာ) ဘာသာရပ်တွင် သိန်းထွန်း(မြဝတီ)၏ "တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးစံများ"၊ ၂၀၂၀ ပြည့်နှစ်အတွက် အသုံးချသိပ္ပံဘာသာရပ်တွင် ဒေါက်တာသိန်းဆွေ (ပြည်သူ့ ကျန်းမာ) ၏ "ကျန်းမာခြင်းဆုလာဘ်"၊ ၂၀၂၁ ခုနှစ်အတွက် သုတ(ဝိဇ္ဇာ)ဘာသာရပ်တွင် ကျော်ကျော်လှိုင် ၏ "ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှုအရည်အသွေးကို လေ့လာ ခြင်း(တတိယမြန်မာနိုင်ငံတော်)"၊ ၂၀၂၂ ခုနှစ်အတွက် ဘာသာပြန် စာပေဘာသာရပ်တွင် နေဇင်လတ်၏ "စီးပွားဖျက်သူလျှို၏ ဖြောင့်ချက်"၊ စာပဒေသာဘာသာရပ်တွင် မောင်ခေတ်ထွန်း၏ "မောင်ခေတ်ထွန်း၏ စာ (စိန်ရတုလက်ရွေးစာပေါင်းစု)"၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်တွင် ဟိန်းလတ်၏ "မြန်မာ့စွမ်းအင် လူချွန်လူကောင်း"၊ ၂၀၂၃ ခုနှစ်အတွက် စာပဒေသာဘာသာရပ်တွင် ဒေါက်တာထွေး(ဆေး/မန်း)၏ "နိပ္ပွန် ပြည်တွင် တဒင်္ဂ"၊ သုတ(ဝိဇ္ဇာ)ဘာသာရပ်တွင် ကျော်ညွန့်ရည်၏ "အန်ကောခေတ်ယဉ်ကျေးမှု"၊ အသုံးချသိပ္ပံဘာသာရပ်တွင် ပါမောက္ခ ဒေါက်တာမြသိန်းဟန်၏ "ခွဲစိတ်ဆရာဝန်တစ်ဦး၏ ဖြောင့်ချက်"တို့ ဖြစ်ကြသည်။

အထက်ပါဆုများကို တစ်သက်တာစာပေဆုအတွက် ငွေကျပ် သိန်း ၃၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။ ၂၀၀၄ ခုနှစ်အတွက် သုတစွယ်စုံ စာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ်ချီးမြှင့်ခဲ့ပြီး ယခု အကြိမ်တွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နှစ်အလိုက်ထုတ်ဝေခဲ့သည့် စာအုပ်များကို အခြေခံ၍ (၁၅)ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တွင် မကြာမီကျင်းပရန် စီစဉ်ထား၍ ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်)ဖုန်း-၀၁-၃၈၅၂၉၃၊ ၈၃၉၂၇၃၉ နှင့် ၃၇၄၄၀၀ သို့ အမြန်ဆက်သွယ်သတင်းပို့ကြပါရန် အကြောင်းကြား ထားကြောင်းသိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**(၁၂-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၄-၅-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၅-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇၅၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ် ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံရေး ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ထိုးကျွေးခံ PDF လူငယ်တွေရဲ့ဘဝ"** ခေါင်းစဉ်ဖြင့် မေ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက် ပေးသွားမည်ဖြစ်သည်။ လာမည့် အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဓားမြဆန်ဆန် ဆက်ကြေးကောက်၊ လမ်းကြေးတောင်းနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် အခက်တွေ့နေရသော ခရီးသွားပြည်သူများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သော ကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင် နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ် များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

**နေပြည်တော် မေ ၁၂**

မေ ၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအား ဖြေကြား ချက်"မှ ကော်လံ ၁ တွင် ဖော်ပြပါရှိသည့် **"နမ့်နင်းလူသတ်မှု"** ဟူသည့် စာသားအစား **"နန်ကျင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု"** ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။



## ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က နွေစပါးများစိုက်ပျိုး

**မကွေး မေ ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က ကျေးလက်နေ တောင်သူများအား မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးလာခြင်း ကြောင့် အကျိုးအမြတ်ပိုမိုရရှိစေရန်၊ မျိုးကောင်းမျိုးသန့်များ တစ်ပိုင်တစ်နိုင် ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ လုပ်ငန်းများအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၊ မင်းဘူး(စကု)မြို့နယ်များ၌ စပါးများ စိုက်ပျိုး ထုတ်လုပ်နိုင်ရေး သမဝါယမကဏ္ဍက ဆောင်ရွက်လျက်ရှိရာ ဖူးပွင့် မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်အနေဖြင့် နွေစပါးစိုက်ဧက ၅၀ ပေါ်တွင် ဆာဖိုးသာစပါးများကို ပျိုးထောင်ရက်နှင့် ကောက်စိုက်များသတ်မှတ်ကာ ခြောက်တန်း တစ်တန်းလှပ်(မျိုးစေ့ထုတ်) ကောက်စိုက်စနစ်ဖြင့် စိုက်ပျိုးသည်။ အဆိုပါ ဆာဖိုးသာစပါးများ စိုက်ပျိုးရာတွင် CP ၊ ယူရီးယား၊ စိမ်းစိုနှင့် ပိုတက် စသည့်သွင်းအားစု မြေဩဇာများကို ထည့်သွင်းအသုံးပြုစိုက်ပျိုး ထားရှိပြီး လာမည့်ဇူလိုင်လကုန်ပိုင်းတွင် ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး (၄၄၇)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၊ ဗုဒ္ဓမြတ်စွယ်တော် နှစ်ဆူ လှည့်လည်ပူဇော်ပွဲ ကျင်းပ

**တောင်ငူ မေ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်၊ ဗုဒ္ဓမြတ်စွယ်တော် နှစ်ဆူ လှည့်လည်ပူဇော်ပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲတော် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်ပေါ်၌ ကျင်းပသည်။

ဦးစွာ ကေတုမတီဗုဒ္ဓတက္ကသိုလ် ဆရာတော်ဘဒ္ဒန္တ တိက္ခသာရ သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော် နှစ်ဆူ လှည့်လည်ပူဇော်ပွဲကို ယမန်နေ့ ညနေ ၃ နာရီတွင် ရွှေဆံတော် စေတီတော်မြတ်ကြီးရင်ပြင်ပေါ်၌ ကျင်းပရာ ဗုဒ္ဓမြတ်စွယ်တော် နှစ်ဆူအား ဆင်နှစ်ကောင်ဖြင့် ပင့်ဆောင်၍ သာသနာ့အလံကိုင်၊ မြင်း ၁၀ စီး၊ ဒေဝါဝင်း၊ ရာဇာဝင်းများနှင့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ရပ်ကွက်များ၊ ရပ်ကွက်အလိုက် ဓမ္မစကြာဝတ်အသင်းများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၀၀၀ ခန့်က ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်မုခ်ဦးမှ ဦးမှန်းလမ်း၊ ဈေးလမ်း၊ ဘုရားလမ်း၊ ဗိုလ်မှူး ဖိုးကွန်းလမ်း၊ ကန်တော်ကြီးလမ်း၊ ရတနာလမ်း၊ ဘုရားလမ်း၊ ကန်လမ်း၊ ဦးမှန်းလမ်းအတိုင်း ရွှေဆံတော်စေတီမြတ်ကြီး အနောက်မုခ်ဦးသို့ ပြန်လည်ဝင်ရောက်၍ ဗုဒ္ဓမြတ်စွယ်တော် နှစ်ဆူအား လှည့်လည်ပူဇော်သည်။

ထို့နောက် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်ပေါ်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများက ဗုဒ္ဓမြတ်စွယ်တော် နှစ်ဆူအား လက်ယာရစ် တစ်ပတ်ပတ်၍ လှည့်လည်ပူဇော်ပြီး မူလကိန်းဝပ်စံပယ်ရာသို့ ပြန်လည်ပင့်ဆောင်ကာ အနောက်မြောက်ထောင့်ရှိ ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းသည်။



ဆက်လက်၍ ကဆုန်ညောင်ရေသွန်းပွဲတော် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးလွင် (ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ) က ပွဲတော်ဆောင်ရွက်ခဲ့မှုအခြေအနေကို တင်ပြပြီး ဂေါပကအဖွဲ့ဝင် ဦးကျော်စိုးမိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ညောင်ရေသွန်းပွဲတော်တွင် ဆုရရှိသည့် ရပ်ကွက်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

# သန်လျင်မြို့နယ်၌ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ညောင်ရေသွန်းလောင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အောင်မင်္ဂလာရက်ကွက် မဟာခေမိကာရာမ ရွှေကျောင်းစာသင်တိုက်ကြီးတွင် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ညောင်ရေသွန်းလောင်းပွဲတော် အခမ်းအနားကို မေ ၁၁ ရက် နံနက် ၆ နာရီက အဆိုပါ မဟာခေမိကာရာမရွှေကျောင်း စာသင်တိုက်ကြီးအတွင်း၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး မဟာခေမိကာရာမ ရွှေကျောင်းစာသင်တိုက်ကြီး အတွင်း တည်ထားကိုးကွယ်ထားသည့် ရှေးဟောင်းသမိုင်းဝင် ကျိုက်ဝိသုံမဏိ (ခေါ်) ရန်အောင်မြင် စေတီတော်မြတ်ကြီးအား သာသနာ့မဏ္ဍိုင်ဆရာတော်ဘုရားကြီး အမှူးပြုသော သံဃာတော် ၁၀၈ ပါးနှင့် သီလရှင် ၂၇ ပါးတို့က ဗုဒ္ဓဘိသေက အနေကဇာ တင်လှူပူဇော်ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းနှင့် မေတ္တာသုတ် တရားတော်များအား ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ သန်လျင်မြို့ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သာသနဓဇ ဓမ္မာစရိယ Ph:D) ဒေါက်တာ ဘဒ္ဒန္တဉာဏိန္ဒ ဆရာတော်ထံမှ အလှူရှင်များနှင့် ဒည့်ပရိသတ်များက သီလတရားတော်များ နာယူဆောက်တည်ကြပြီး ပရိယတ္တိတံခွန် သာသနာ့အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးမိုးက ကဆုန်လပြည့် ဗုဒ္ဓနေ့အခမ်းအနားနှင့် သံဃာတော်များနှင့် သီလရှင်များအား စာရေးတံပဒေသာပင် ဆက်ကပ်လှူဒါန်းခြင်း စသော ကုသိုလ်ကောင်းမှုပြုလုပ်ရခြင်းများကို ရှင်းလင်းတင်ပြကာ သန်လျင်မြို့ ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ သဒ္ဓမ္မဇောတိကာရုံ ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအိန္ဒကထံမှ အလှူရှင်များနှင့် ဒည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့နှင့် ငလျင်ဘေးဒဏ်ကြောင့် ပျံလွန်တော်မူကြကုန်သော ရဟန်း၊ သာမဏေ၊ သီလရှင်များ၊ ခုနစ်ရက်သားသမီးများနှင့် (၃၁) ဘုံသားတို့အား ရေစက်သွန်းချ အမျှအတန်း ပေးဝေခဲ့ကြသည်။

ထို့နောက် သံဃာတော်များနှင့် သီလရှင်များက မဟာခေမိကာရာမရွှေကျောင်း စာသင်တိုက်အတွင်းရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ကုသိုလ်မင်္ဂလာပြုခဲ့ကြပြီး သံဃာတော် ၁၀၈ ပါးနှင့် သီလရှင် ၂၇ ပါးတို့အား အလှူရှင်များက စာရေးတံ ပဒေသာပင်များ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**



## မြို့သစ်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မြို့သစ် မေ ၁၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့ဝင်များက မြို့သစ်မြို့ဘုရားကြီးရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခြင်ကြောင့် ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးလောက်လန်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး၊ ရေတင်ကျန်နိုင်သောဘူး၊ ခွက်များ၊ ရေပုံး၊ ရေအိုးများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပြီး ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**

# ပင်းတယမြို့နယ် ကြိမ်တောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ပင်းတယ မေ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရရှိငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်



ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ဒေသဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြိမ်တောကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးအောင်လွင်ဦးနှင့် တာဝန်ရှိသူများသည် ကြိမ်တောကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး လအလိုက် ဖြည့်သွင်းရမည့် မြစိမ်းရောင် ကျေးရွာစီမံကိန်း ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြိမ်တောကျေးရွာရှိ အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၁၁၀၀၊ အကျယ် ခြောက်ပေ၊ ဒုခြောက်လက်မရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၆၆ သန်းကို အသုံးပြု၍ ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်တို့သည် ယမန်နေ့က မြစ်သားမြို့နယ်ရှိ ပြည်သူများ၏ ငလျင်ဒဏ်ကြောင့် ပျောက်ဆုံး/ပျက်စီးသွားသော နိုင်ငံသားစိစစ်ရေးကတ် ၇၆ ခု၊ အိမ်ထောင်စုလူဦးရေ စာရင်း ၄၆ စုတို့အား ပြန်လည်ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး ပြည်သူများ လက်ဝယ်ထုတ်ပေးစဉ်။ မောင်မွေး

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# MFF နွေရာသီ အခြေခံဘောလုံးနှင့် ဖူဆယ်အခမဲ့သင်တန်း ပထမအကြိမ်သင်တန်းဆင်းပွဲနှင့် ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲကျင်းပ



MFF နွေရာသီ အခြေခံဘောလုံးနှင့် ဖူဆယ် အခမဲ့သင်တန်း ပထမအကြိမ် သင်တန်းဆင်းပွဲနှင့် ဒုတိယ အကြိမ် သင်တန်းဖွင့်ပွဲအပြီး အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က စီစဉ်သည့် MFF Summer Football Skills Course 2025 (AYA Pay/ M21) နွေရာသီ အခြေခံဘောလုံးနှင့် ဖူဆယ်အခမဲ့ သင်တန်း ပထမအကြိမ် သင်တန်းဆင်းပွဲနှင့် ဒုတိယ အကြိမ် သင်တန်းဖွင့်ပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်) မြက်ခင်းတု လေ့ကျင့်ရေးကွင်းနှင့် MFF ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် အမှုဆောင်များ၊ စပွန်ဆာ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်သည်။ သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီးပွားရေးဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ ယင်းနောက် ဒုတိယ အကြိမ် သင်တန်းဖွင့်ပွဲ ဆက်လက်ကျင်းပရာ တာဝန် ရှိသူများက ကွင်းအတွင်း ဘောလုံးကန်၍ ဖွင့်လှစ်ပေး သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နွေရာသီ ကျောင်းပိတ်ရက်များအတွင်း လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘောလုံး အားကစားကို ပိုမိုချစ်မြတ်နိုးရေးနှင့် လူငယ် မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာရေးတို့ အတွက် ရည်ရွယ်၍ နွေရာသီအခြေခံ ဘောလုံး သင်တန်းများ (အသက် ၁၀ နှစ်မှ ၁၅ နှစ်)ကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် ပုသိမ်မြို့များတွင် အခမဲ့ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည်။ နှစ်စဉ် ဖွင့်လှစ်လျက်ရှိသည့် အဆိုပါနွေရာသီအခြေခံ ဘောလုံးသင်တန်းများကို ယခုနှစ်တွင် AYA Pay နှင့် M21 Sport တို့က အဓိကပံ့ပိုးထားပြီး Good Morning မှလည်း တွဲဖက်ပါဝင်ကူညီထားကာ ဘောလုံးသင်တန်းအပြင် ဖူဆယ်သင်တန်းကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ နွေရာသီ သင်တန်း MFF Summer Football Skills Course 2025 အခမဲ့သင်တန်းများကို ပထမအသုတ်၊ ဒုတိယ အသုတ် နှစ်ကြိမ်ခွဲ၍ ဖွင့်လှစ်နေပြီး သင်တန်းသား ၁၄၀၀ ကျော် တက်ရောက်သင်ကြားလျက်ရှိကာ အခြေခံဘောလုံးနှင့် ဖူဆယ်နည်းစနစ်များ သင်ကြား ပေးနေသည်။

**ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်သေဆုံးခဲ့ရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိမ်းကွင်းကျေးရွာ စာသင်ကျောင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆရာ ဆရာမ နှစ်ဦး အပါအဝင် ကျောင်းသားကျောင်းသူ ၅၀ ဝန်းကျင်ခန့် ထိခိုက်သေဆုံးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေး တာဝန်ရှိ တစ်ဦး၏ ပြောကြားချက်အရ အဆိုပါ သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကိုသာ ဆောင်ရွက်လျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများအား ဗုံးကြဲတိုက်ခိုက်မှုများ မရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ် မျိုးဆက်သစ် ကျောင်းသားလူငယ်များ ပညာရည်မြင့်မားစေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိသည်မှာ ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ ကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် မြို့နယ်၊ ကျေးရွာများအား လက်နက်ကြီး များ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ အရပ်သားပြည်သူများအား ပြန်ပေးဆွဲ ဖမ်းဆီးသတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက် ရှိပြီး ၎င်းတို့၏ လူမဆန်သည့်အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင် အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက် မီဒီယာများက ရည်ရွယ်ချက်ရှိရှိ လုပ်ကြံ ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ် ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Phyu 786 hnin" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်း ရိပ်သာ(အရှေ့)ရပ်ကွက်နေ ဖြူဖြူနှင်းအား နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ချမ်းအေးသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးညှင်း၊ မရမ်းကုန်းနှင့် မြောက်ဥက္ကလာပမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာ အုပ်စု နန့်စီးအောင်ကျေးရွာအနီး တွင် ဟိန်းမျိုးမင်း(ခ)ကိုမျိုး မောင်းနှင်ပြီး အာကာ လိုက်ပါလာ သည့် SUPER CUSTOM အမျိုး အစား မော်တော်ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁၃ ဒသမ ၅၆၃ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၃၉၀ ဒသမ ၇၅ သိန်း)နှင့် စိတ်ပြောင်း ဆေးဝါး Happy Water ၁ ဒသမ ၂၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုး ငွေကျပ် ၁၄၈၈ သိန်း) တို့ကိုလည်းကောင်း။

ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက်တွင် သန်းဆွေ(ခ) အညာသား မောင်းနှင်ပြီး ချစ်ကိုကိုအောင် (ခ) ချစ်ကိုနှင့် ဟန်ကိုနိုင်တို့ လိုက်ပါလာသည့် PROBOX မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၄၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၅၄၀၀) တို့ကိုလည်းကောင်း။

မေ ၁၁ ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ တွင် မြောက်ဥက္ကလာပ မြို့နယ် (ဈ)ရပ်ကွက်ရှိ ကားဂိတ် တွင် ပါဆယ်ပစ္စည်း လာရောက် ထုတ်ယူသူ မသဲဖြူ(ခ)သူသူနှင့် အောင်ကိုဟိန်း (ခ) AKတို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုး ငွေကျပ် သိန်း ၃၀၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။



**ရဲပြန်ကြား**

## အမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၁၂**

အမျိုးသမီးတစ်ဦးအား တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစား ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် သံမဏိစက်ရုံ (အနောက်)၊ အနီးစခန်းနေ မခင်မိုးမိုးလွင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗထူးတိုက်ခန်း တိုက်အမှတ် DD-5၊ (၇)လွှာနေ မခွန်းဆက်ဝေတို့က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အိုင်သုံးဆင့်ရွာနေ မ---၊ ၂၂/၂၀၂၄ နှစ်အား တရုတ်ဇနီးအဖြစ် လုပ်ကိုင်ရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ် ဆောင်ရွက်ခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်း (ပ)၁၆၁/၂၀၂၄ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်သည်။

မဟာအောင်မြေခရိုင်တရားရုံးမှ မေ ၁၈ ရက်တွင် တရားခံ မခင်မိုးမိုးလွင်(ခ)မမိုးနှင့် မခွန်းဆက်ဝေတို့ နှစ်ဦးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင် ငလျင်ဒဏ်ကြောင့် နေအိမ်ပျက်စီးသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁၂**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်အတွင်း နေအိမ်ပျက်စီးသည့် အိမ်ထောင်စုများအတွက် စွန့်လွှတ်နှလုံးသားဖောင်ဒေးရှင်းမှ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ငလျင်ဘေးသင့်ပြည်သူများ တက်ရောက်သည်။




ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ငလျင်ကြောင့်ထိခိုက်သေဆုံးမှုနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ ငလျင်ဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ပေးခြင်းနှင့် ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သွားရောက်ကြီးကြပ်ပြီး အမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် စွန့်လွှတ်နှလုံးသားဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက အင်အားပြင်းငလျင်ဒဏ်ကြောင့် နေအိမ်ပျက်စီးသည့် အိမ်ထောင်စုများအတွက် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စွန့်လွှတ်နှလုံးသားဖောင်ဒေးရှင်းမှ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း သုံးမြို့နယ်ရှိဘေးသင့်အိမ်ထောင်စု ၉၅၀ အတွက် ထောက်ပံ့ငွေကျပ် သိန်း ၃၄၂၀ ကို ပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက လက်ခံယူပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနနှင့် နေပြည်တော်လမ်းကြီးကြပ်ရေးအဖွဲ့သို့ ထောက်ပံ့ငွေများနှင့် နေပြည်တော်ကောင်စီက လှူဒါန်းသည့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များအား ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုးတို့သည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ဈေးကုန်းကျောင်းတိုက်၊ လယ်ဝေးမြို့ သစ်စိမ့်ပင်ကျေးရွာအုပ်စု ဗောဓိကုန်းကျေးရွာ ဗောဓိကုန်းကျောင်းတိုက်နှင့် လယ်ဝေးမြို့ အမှတ် (၁) ရပ်ကွက် ဇမ္ဗူအေးကျောင်းများသို့ သွားရောက်ပြီး သွပ်၊ မိုးကာနှင့် ဖျာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**



## သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ ဘုရားကြီးကျောင်းတိုက်၌ ပြန်လည်တည်ထားကိုးကွယ်တော်မူမည့် ရှင်ဆင်းလှစေတီတော်မြတ်ကြီး ပန္နက်တော်တင်မင်္ဂလာ ကျင်းပ

**သာစည် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ ဘုရားကြီး ပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော ရှင်ဆင်းလှစေတီတော်မြတ်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့ပြီး ရဟန်းရှင်လူအများ ဖူးမြော်ကိုးကွယ်နိုင်ရန် မူလအတိုင်း ပြန်လည်တည်ထားမည်ဖြစ်ရာ မေ ၁၁ ရက် နံနက် ၉ နာရီခွဲက ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပသည်။

ဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ လှိုင်းတက်ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ ကျောင်းတိုက်မှ သက်တော်ရှည်ဆရာတော်ထံမှ ရှစ်ပါးသီလခံယူကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တော်များ ရွတ်ဆိုကြသည်။ ထို့နောက် ရှင်ဆင်းလှစေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်းအား ဘုရားကြီးကျောင်းတိုက်မှ သံဃာတော်တစ်ပါးက ဖတ်ကြားသည်။ ယင်းနောက် ဘုရားကြီးပရိယတ္တိစာသင်တိုက်၏ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က ပန္နက်တော်နှင့် လက်ရိုက်တော်တို့ကို ဆက်ကပ်ပြီး ဗဟိုပန္နက်တော်နှင့် အရပ်ရှစ်မျက်နှာတို့၌နေရာယူ၍ မင်္ဂလာအချိန်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင် ဦးစိုးဝင်းအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသောင်းနှင့် အလှူရှင်များက သတ်မှတ်နေရာမှစတင်ကာ ပန္နက်တော်တင်ပူဇော်ရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သာစည်မြို့ သာယာကုန်းကျောင်းတိုက် ဆရာတော်နှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ သာစည်မြို့ မြို့ဦးကျောင်းတိုက်ဆရာတော်တို့က ပရိတ်အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကအကျိုးတော်ဆောင် ကြာကန်ကျောင်းတိုက်ဆရာတော် သာသန တက္ကသီလမဟာဓမ္မာစရိယ ဒေါက်တာ ဘဒ္ဒန္တစန္ဒောဘာသက အောင်ဂါထာရွတ်ဖတ်ပူဇော်ပြီး ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့က ပါရမီဆယ်ပါးအဓိဋ္ဌာန်ကို ရွတ်ဆိုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ဌာနတွင်း ရက်တိုသင်တန်းဖွင့်ပွဲ လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် မေ ၁၂**

ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဌာနတွင်းရက်တိုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကယားပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးတင်လှက အမှာစကား ပြောကြားရာ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဟူသော ဆောင်ပုဒ်နှင့်အညီ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့အောက်ရှိ မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး၊ စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရေး တာဝန်ထမ်းဆောင်မှုပိုမို ကောင်းမွန်စေရေးတို့အတွက် သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ပြီး နည်းပြများကလည်း ကိုယ်ပိုင်အတွေ့အကြုံများနှင့် ဆက်စပ်သင်ကြား ပေးစေလိုကြောင်း၊ စည်ပင်သာယာရေးအဖွဲ့ ဆိုသည်မှာ လူတစ်ဦး၏ မွေးဖွားသည်မှ သေဆုံးသည့် အချိန်အထိ ဝန်ဆောင်မှုပေးရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ငန်းသဘောအရ အခြားဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တပြည်နယ်အမှုဆောင်အရာရှိ ဦးစောနေခလီးက ဌာနတွင်း ရက်တိုသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။



အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး မေ ၁၂ ရက် မှ ၁၇ ရက်အထိ ခြောက်ရက်တာ ကြာမြင့်မည်ဖြစ်ကာ သင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်ပင်သာယာရေးဥပဒေ၊ ရုံးလုပ်ငန်းလက်စွဲ၊ စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ငွေစာရင်းထိန်းသိမ်းနည်း၊ အင်ဂျင်နီယာလုပ်ငန်းများနှင့် အခွန်၊ အခကောက်ခံမှုစနစ်တို့ကို စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**

## မိမိတို့ဒေသရှိ ဒေသထွက်သီးနှံများအား အသုံးပြု၍ စားသောက်ကုန်များ ထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်

**မကွေး မေ ၁၂**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း ၊ ဂျုံ သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဦးအောင်ချိန်က သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် ပြည်သူများအား မိသားစုဝင်ငွေ တိုးပွားစေရန်၊ မိမိတို့ဒေသရှိ ဒေသထွက်သီးနှံများကို အသုံးပြု၍ တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ်တတ်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများ ပို့ချသည့် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်နည်းများကို စနစ်တကျ လိုက်နာအသုံးပြု၍ မိမိတို့၏ မိသားစုဝင်ငွေ တိုးပွားရေးတွင် တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ်ငန်းရှင်များ ဖြစ်လာသည်အထိ ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။



ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်စုစုခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထူးချွန်သင်တန်းသား သင်တန်းသူများအား ကုန်ကြမ်းနှင့် လုပ်ငန်းသုံးပစ္စည်း ထောက်ပံ့ခြင်းနှင့် သင်တန်းဆင်းလက်မှတ်တို့ ပေးအပ်သည်။

အဆိုပါ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံ သီးနှံ အခြေခံ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းကို မေ ၅ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀ ခန့်အား ကိတ်မုန့်အမျိုးမျိုး၊ ပေါင်မုန့်အမျိုးမျိုး ပြုလုပ်နည်းတို့ကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# ရန်ကုန်စီးပွားရေးတက္ကသိုလ်
# ပါရဂူ (PhD) သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် (၂၀၂၅-၂၀၂၆) ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) ဘောဂဗေဒ

(ခ) ဝါဏိဇ္ဇဗေဒ

(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့ (PhD) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည်မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ်တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန် မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက် (၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ဆရာမ မဟုတ်သောပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ်တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ(၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီးလူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာလက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံးနည်းပြသရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူသင်ကြားရေးရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံး ရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ကို CGPA 4.5 နှင့်အထက် ရရှိသူ(သို့မဟုတ်) အနည်းဆုံး မဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူ ဖြစ်ရမည်။

၃။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၂၅ ရက် ( အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၂-၅-၂၀၂၅ (ကြာသပတေးနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၃-၅-၂၀၂၅ (သောကြာနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို (၂၉-၅-၂၀၂၅) ရက်နေ့ (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း (ကျောင်းသားရေးရာ) (ဖုန်းနံပါတ် - ၀၁၇၅၂၆၆၁၃) ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မကွေးတက္ကသိုလ်
## ပါရဂူ(PhD)သင်တန်းသားများခေါ်ယူခြင်း

၁။ မကွေးတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

(က) မြန်မာစာ (ခ) အင်္ဂလိပ်စာ (ဂ) ဘူမိဗေဒ

၂။ ပါရဂူဘွဲ့ ( PhD)သင်တန်း တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၅ခုနှစ်၊ ဇွန်လ(၁)ရက်တွင် အသက်(၄၅)နှစ် ထက်မကျော်လွန်သူ ဖြစ်ရ မည်။

(ဂ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ်တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထား လိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ** ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီ မေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင် ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထား သူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေး ခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများ ဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူ ရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက် နေသူဖြစ်ပြီး ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာန ဆိုင်ရာ လုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထား လိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ** ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃) နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီ မေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထား သူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေး ခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်)ယင်းနှင့် အဆင့်တူ သင်ကြား ရေး ရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြု ကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး၊ မဟာဘွဲ့ကိုCGPA 4.5 နှင့် အထက်ရရှိသူ (သို့မဟုတ်) အနည်းဆုံးမဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသန လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူ ဖြစ်ရမည်။

၃။ မကွေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၂၅ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထား ရမည်။

၄။ လျှောက်ထားသူများသည် မကွေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၂-၅-၂၀၂၅ရက်(ကြာသပတေးနေ့) ၀၉:၀၀နာရီမှ၁၂:၀၀နာရီ သက်ဆိုင်ရာ ဘာသာရပ်

(ခ) ၂၃-၅-၂၀၂၅ရက် (သောကြာနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများ ကို ၂၉-၅-၂၀၂၅ရက်နေ့ (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ(ဌာနမှူး) များထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနမှူး/မော်ကွန်းထိန်း(ဖုန်းနံပါတ်-၀၉-၄၄၉၄၉၅၄၇၈၊ ၀၉-၄၄၅၃၀၁၇၀၁)တို့ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**မကွေးတက္ကသိုလ်**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၅-၂၀၂၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၃)ပါ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း ကြော်ငြာတွင် နတ်တလင်းမြို့နယ် (ဝန်ထမ်းအိမ်ရာ အပါအဝင်) ၃၀'x၄၀' RCC(၁)လုံး အစား နတ်တလင်းမြို့နယ် (ဝန်ထမ်းအိမ်ရာ အပါအဝင်) ၃၈'x၄၈'RCC(၁)လုံး ဟု ပြင်ဆင် ဖတ်ရှုပါရန်။

---

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး)
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး
## ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့်
## ဆောင်ရွက်မည့် လုပ်ငန်းတင်ဒါနှင့် ပစ္စည်းတင်ဒါများခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရုံး(ဟားခါး) ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက် မည့် တည်ဆောက်လုပ်ငန်းများ လုပ်ငန်းတင်ဒါနှင့် ပစ္စည်းတင်ဒါများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၂၅ ရက်၊ (ဗုဒ္ဓဟူးနေ့)

(ခ) **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ၂၇-၅-၂၀၂၅ ရက် ညနေ (၁၆:၃၀)နာရီအချိန်အထိ

(ဂ) **တင်ဒါအာမခံကြေး ၁%(မူရင်း)- တင်သွင်းမည့်ရက်** ၂၈-၅-၂၀၂၅ရက် ညနေ (၁၆:၃၀)နာရီအချိန်အထိ

(ဃ) **တင်ဒါလျှောက်လွှာနောက်ဆုံး - တင်သွင်းရမည့်ရက်** ၂၈-၅-၂၀၂၅ရက် နံနက် (၉:၃၀)နာရီမှ (၁၆:၃၀)နာရီအထိ

(င) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လွှတ်တော်အပေါ်ထပ်၊ ဟားခါးမြို့

(စ) **တင်ဒါဖွင့်မည့်နေရာ/ရက်/အချိန်-** ထပ်မံကြေညာပါမည်။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်ပုံစံများကို ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး) ဖုန်းနံပါတ် ၀၇၀-၂၁၅၈၅တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ကွင်းအမှတ်/အမည် RA IV/ကွက်ပြင်-၄၊ ဦးပိုင်အမှတ်(၇၄/ဈ-၂)၊ ဧရိယာ(၀ဒသမ ၀၅၇)ဧကရှိ မြေအား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ဆွေထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဇော်ထွန်းနှင့် ဒေါ်သင်းသွယ်သီအောင်တို့က လွှဲပြောင်းဝယ်ယူပြီး ( အရပ်ကတိစာချုပ်ဖြင့်) စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများ၊ တရားဥပဒေနှင့်အညီ အရောင်းအဝယ် အမည်ပြောင်းကိစ္စကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဇော်ဇော်ထွန်း**
**ဒေါ်သင်းသီသွယ်အောင်**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသူဇာလင်း(LL.B)တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ခ/၁၀-၁၁)၊ဗမ္မူဒီပါလမ်း၊ ရပ်ကွက်ကြီး(၁၀)၊**
**ပြင်ဦးလွင်မြို့ ဖုန်း-၀၉-၄၃၁၈၉၃၉၉၀၉-၄၄၉၈၀၀၁၅၅**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၀)ရပ်ကွက်၊ ဧရာဝဏ်လမ်းသွယ်(၂)လမ်း၊ မြေကွက်အမှတ်(၃၈)ဟုခေါ်တွင်သော အကျယ် (အလျား ၄၀'x အနံ၆၀') ရှိသော မြေကွက်သည် ဦးမော်ဦး (ခ)ဇော်မော်လင်း အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်တကွ မြေကွက် ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း မွေးကဝန်ခံသူ(ဆက်စပ်စာချုပ်ပိုင်ဆိုင်သူ) ဒေါ်အိသူနော် ၈/ပဖန(နိုင်)၀၈၀၉၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမော် ၁၄/၀ခမ (နိုင်)၀၁၄၈၀၉သည် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိသိမ့်**
**အထက်တန်းရှေ့နေ(စဉ်-၄၈၇၄၆)**
**အမှတ်(၁၂၉၀)၊ ရွှေစင်လမ်း၊ (၅၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၃၉၉၆၈၇**

---

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေး ရရှိထားသောမြေအမည်ပြောင်းလျှောက်ထားကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ ကြာနီကန်ရပ်ကွက်၊ ဆေးရိုးတန်းလမ်း၊ အကွက်အမှတ် ၂၁B ၊ တည်ကုန်းအကွက်၊ ဦးပိုင်အမှတ် ၁၀၇C၊ ဧရိယာ(၀.၀၇၇)ဧကရှိမြေကို မူလအမည်ပေါက် ဒေါ်နွယ်နွယ်ဝင်း အမည်မှ ဦးရန်အောင်အမည်သို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်တင်ပြကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းလဲခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေတောင်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဒွေးကြွယ် က-ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် (၁၄)၊ (၂ခန်းတွဲ- ၂-ထပ်တိုက်)မြေညီ၏ထပ်ခိုး (ခေါင်းရင်းခန်း)၊ အကျယ်(၁၅ပေ x ၆၀ပေ) ရှိတိုက်ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ မီတာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ၊ လက်ဝယ်ပိုင်ဆိုင် နေထိုင်လျက်ရှိကြောင်း၊ စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် အဆိုပြု ကမ်းလှမ်းလာသူ ဒေါ်သီသီ ၁၂/ ကတတ (နိုင်)၀၁၀၉၃၅(TME-004471)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက် ပါရှိသည့်ရက်မှ(၇)ရက်အတွင်းခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထားနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁)**
**LL.B,D.I.R,D.I.L,D.M.L,DL-101(WIPO)**
**အမှတ် ၅၈၁၊ ရွှေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၁၉၇၉၃၂**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ လူနေရပ်ကွက်အမှတ်(၂)၊ မင်းလမ်း၊ မြေကွက်အမှတ်(၂၉၈)ဟု ခေါ်တွင်သော အလျား(၆၀)ပေXအနံ(၆၀)ပေ ဧရိယာ(၃၆၀၀)စတုရန်းပေ၊ (၀.၀၈၂)ဧကအကျယ်အဝန်းရှိသော ဒုဗိုလ်မှူးကြီးကံသိန်း(ငြိမ်း)(EMDY-၂၆၃၁၁၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းရပိုင်ခွင့်ရှိသူ အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနောင်လတ်အောင် (LL.B)
(စဉ်-၅၀၅၉၁) အထက်တန်းရှေ့နေ
အမှတ်(၂၈၁-ခ)၊ မလိခလမ်း၊ (၆/၁၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉-၇၆၆၉၉၄၇၅၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/က+၃၉၇)၊ မြို့တော်ဂေါက်ကွင်းအိမ်ရာစီမံကိန်း၊ စိန်ပန်းလမ်း၊ ခြံအမှတ် (၂၄)၊ မြေကွက်အမှတ် (၉၇-H)၊ အကျယ်အဝန်း (၀.၃၄၂)ဧကရှိ ဒေါ်ဖြူသန့်ပိုင် (၈/ပခက (နိုင်) ၁၇၀၀၄၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ဖြူသန့်ပိုင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၂၉၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးဆန်းဝင်းမောင် (၁၂/လသန (နိုင်) ၀၁၄၉၀၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဆန်းဝင်းမောင် ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## အမည်ပြောင်း

ပြည်မြို့၊ (S.F.K) ကိုယ်ပိုင်မူလတန်းကျောင်း Grade-3 မှ မသွန်းနဒီစံ (ဘ) ဦးကျော်သူသွင်အား မခန့်သီရိကျော်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ် အမက ကျွဲတဲကုန်း Grade-4မှ ကျောင်းဝင်အမှတ် (၀၀၈၄) မရှင်းသန့်ချို၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ထွန်း ၇/မညန(နိုင်)၀၇၈၀၈၉ ဖြစ်ပါသည်။

ဦးသက်နိုင်ထွန်း
၇/မညန(နိုင်)၀၇၈၀၈၉

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ လယ်ယား (မြောက်) ကျေးရွာ အထက(ခွဲ) Grade-10မှ မသက်နှင်းအေး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ် ရေးကတ်အရ ဦးမျိုး ၉/ကပတ(နိုင်)၁၄၉၇၂၉ ဖြစ်ပါကြောင်း။

ဦးမျိုး

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် အလယ်တန်းကျောင်း (ရွှဲသီး) Grade-9 ၌ ပညာသင်ကြားနေသော မောင်ပိုင်ပိုင်စိုး၏ မိဘအမည်မှန်မှာ ဦးခိုင်စိုးဝင်း ၉/ဝတန (နိုင်)၁၅၇၄၆၆နှင့် ဒေါ်ခင်စန်းဝင်း ၉/ဝတန(နိုင်)၁၂၂၁၀၄ ဖြစ်ပါကြောင်း။

ဦးခိုင်စိုးဝင်း-ဒေါ်ခင်စန်းဝင်း

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/2980၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ မြို့ပတ်လမ်း၊ အကွက် အမှတ်(၂၄)၊ ကြပ်တွင်းဘုရားကွက်၊ ဦးပိုင်အမှတ်(၂/က)၊ ဒေါ်တင်တင်မြအမည်ဖြင့် လူနေအိမ်ရာ ဆောက်လုပ်ရန် အခြားနည်းအသုံးပြုခွင့် ပုံစံ(၁၅/က)ရရှိထားသော မြေဧရိယာ၅ ဒသမ ၄၃၂ ဧကထဲမှ အရှေ့မျက်နှာ၀ (၈၁)ပေ၊ အနောက်မျက်နှာ၀(၇၆)ပေ၊ အရှည်(၂၁၂)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်တင်တင်မြ(ဘ)ဦးဘရိုန် (SRM ၀၇၅၆၉၃ )၁၂/ရကန(နိုင်)၀၁၃၈၆၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပိုးအိဖြူ(ဘ)ဦးတင်ထွေး ၇/ညလပ(နိုင်)၁၃၇၃၁၆က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း၊ အရောင်းအဝယ် စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ပိုးအိဖြူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးစိုးကြည်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)
အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့
ဖုန်း-၀၉-၅၁၈၅၁၆၇

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၉၀

ဦးစိုင်းကြိမ်ခမ်း (၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဦးတင်ဝင်းမောင်) **နှင့်** ဦးမြဆိုင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်စန္ဒာလွင်)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အ-၁၅နေ ဦးမြဆိုင် (ဘ)ဦးရှိန် (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်စန္ဒာလွင်) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းကြိမ်ခမ်း(၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဦးတင်ဝင်းမောင်)က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၆)၊ ဦးပိုင်အမှတ်(၈၉-ခ)၊ ဧရိယာ(၀.၀၂၇၆)ဧက အကျယ်အဝန်းရှိ ဦးမြဆိုင်အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်(၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွေမာလှိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၃)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၄)လမ်း၊ အိမ်အမှတ်(၁၁၁)နေ ဦးအုန်းသန်း ၁၂/တတန(နိုင်) ၀၁၀၄၄၁၊ ဒေါ်ကြည်ကြည်ရင် ၁၂/ကခက(နိုင်)၀၀၄၅၉၇တို့၏သား မောင်ဇင်ကျော်သန်းထွဋ် ၁၂/ကခက(နိုင်)၀၉၄၄၈၉သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံသောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်ဇင်ကျော်သန်းထွဋ်နှင့် ပတ်သက်သည့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအုန်းသန်း
၁၂/တတန(နိုင်) ၀၁၀၄၄၁

ဒေါ်ကြည်ကြည်ရင်
၁၂/ကခက(နိုင်)၀၀၄၅၉၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပဲခူးတက္ကသိုလ်
## ပါရဂူဘွဲ့(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ ပဲခူးတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည် -

(က) မြန်မာစာ

(ခ) ပထဝီဝင်

၂။ ပါရဂူဘွဲ့ (Ph.D)သင်တန်း တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇွန်လ(၁)ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ်တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ** ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည်(ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြ ရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ** ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃) နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီ မေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆို အောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်)ယင်းနှင့် အဆင့်တူသင်ကြားရေး ရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး၊ မဟာဘွဲ့ကို CGPA 4.5 နှင့် အထက်ရရှိသူ (သို့မဟုတ်) အနည်းဆုံးမဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသန လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူဖြစ်ရမည်။

(၃) ပဲခူးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၂၅ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

(၄) လျှောက်ထားသူများသည် ပဲခူးတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D)သင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

(က) ၂၂-၅-၂၀၂၅ (ကြာသပတေးနေ့) ၉:၀၀နာရီမှ ၁၂:၀၀နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၃-၅-၂၀၂၅ (သောကြာနေ့) ၉:၀၀နာရီမှ ၁၂:၀၀နာရီ အင်္ဂလိပ်စာ ဘာသာရပ်

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို (၂၉-၅-၂၀၂၅)ရက်နေ့ (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ(ဌာနမှူး)များထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ မော်ကွန်းထိန်း(ဖုန်း-၀၉-၄၄၈၀၁၇၆၅၆)ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး(သင်တန်းရေးရာ)

ပဲခူးတက္ကသိုလ်

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘို ကျေးရွာအုပ်စု၊ ထုံးဘိုကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(N-55)မြေဧရိယာ (၀ဒသမ၁၇)ကေထဲမှ အကွက်အမှတ်(က-၂)၊ မြေဧရိယာ အကျယ် အဝန်းအရှေ့(၄၄)ပေ၊ အနောက်(၄၈)ပေ၊ တောင်(၇၆)ပေ၊ မြောက်(၇၆)ပေ (လက် ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး (အုတ်တံတိုင်းခတ်အပြီးအစီး)တို့ကို ဦးမျိုးလွင်ဦး ၉/မရတ(နိုင်)၁၁၉၂၂၇၊ ဒေါ်စန္ဒာဝင်း ၉/ခမစ(နိုင်)၀၁၄၂၃၇တို့ထံမှ ဒေါ်ခိုင်နှင်းဝေ ၁၃/သနန (နိုင်) ၀၆၈၃၁၂ က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခိုင်နှင်းဝေ**
**၁၃/သနန(နိုင်)၀၆၈၃၁၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း၊ မကွေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (တင်ဒါအမှတ်စဉ်၊ ၁ / ၂၀၂၅-၂၀၂၆)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၏ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)အသုံးစရိတ်ရန်ပုံငွေဖြင့် မြန်မာ့သစ်လုပ်ငန်း၊ မင်းဘူး သစ်ထုတ်ရေးဒေသ၊ ဆင်စခန်းတွင် ဆင်ပြတိုက်(၁)ခု တည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် နိုင်ငံသားပိုင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၃-၅-၂၀၂၅ရက်၊ (အင်္ဂါနေ့)

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက်** - ၂၇-၅-၂၀၂၅ရက်၊ (အင်္ဂါနေ့)

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၈-၅-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) (၁၆:၃၀)နာရီ

(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံး မြန်မာ့သစ်လုပ်ငန်း၊ မကွေးတိုင်းဒေသကြီး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်- ၀၆၃-၂၀၂၃၀၅၁၊ ၀၉-၅၃၁၀၄၈၂၊ ၀၉-၄၀၂၆၂၇၇၃၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန မှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် မီးသင်္ဂြိုဟ်စက်များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ မီးသင်္ဂြိုဟ်စက်များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၂၅ရက်(အင်္ဂါနေ့)

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့် ရက်/အချိန်** - ၂၃-၅-၂၀၂၅ရက် (သောကြာနေ့) - (၀၉:၃၀) မှ (၁၃:၃၀) နာရီထိ

(ဂ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့** - ၂၆-၅-၂၀၂၅ရက် (တနင်္လာနေ့)

(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော
## မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ရေတာရှည်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ အကွက်အမည်-ရေတာရှည်ရွာမရပ်ကွင်း၊ဦးပိုင်အမှတ်(၁၁၀)၊ ဧရိယာ(၀ဒသမ၁၃၄)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်- (က) အရှေ့လားသော်- ဦးပိုင်(၁၁၁/က)၊ (ခ) အနောက်လားသော်-ဦးပိုင်အမှတ်(၁၀၆)၊ (ဂ) တောင်လားသော်- ဦးပိုင်အမှတ်(၁၀၇)၊ (၁၀၉)၊ (ဃ) မြောက်လားသော်- ဗိုလ်ချုပ်လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်တင်တင်ဝင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွအောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ရေတာရှည်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရေတာရှည်မြို့နယ်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/3545, Kenbo-110 ၏ ဖောင်းကြွနံပါတ် ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 5Q/1783, Foton Gratour, Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝေ ၈/ဂဂန(နိုင်)၀၅၂၉၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၉ယ/၈၉၀၄၆, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ N.C.X Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၇၊ မြေကွက်အမှတ်(၁၀၀၀)၊ အကျယ်(၄၀'x၆၀')ရှိ ပါမစ်မြေအမျိုးအစား မြေကွက်သည် ဦးအောင်ကျော်ဦးအမည်ဖြင့် မှတ်သားတည်ရှိပြီး၊ ပါမစ် အမည်ပေါက်ထံမှတစ်ဆင့် အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဒေါ်ခင်မာလာ(၁၂/သဃက(နိုင်)၁၆၇၄၁၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသန်းအောင် (၁၂/မဂဒ(နိုင်)၀၉၆၁၁၂)သည် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို ပါမစ်မြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့်(LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ်-၁၄၅၁၊ သီပေါလမ်း၊ ၅၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၇၁၉၇၁၀၆၄**

## ပတ်စ်ပို့ပျောက်

မောင်အားကျင်းစူး ၁၃/တယန(နိုင်)၁၄၈၅၃၇ ၏ နိုင်ငံကူးလက်မှတ်နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၆၇၂၃၂၃၈၉၇**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အထက (ဘန်းလောင်) G-10 မှ မောင်ကောင်းမြတ်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်းရွှေ ၁၄/ခနဖ(နိုင်) ၀၉၆၆၇၉ ဖြစ်ပါကြောင်း။

**ဦးထွန်းလင်းရွှေ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၅၅)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ် (၄၉၆/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဒေါ်မွှေးမွှေးအောင် (၁၂/သဃက(နိုင်)၁၁၂၂၃၂) အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးချစ်ဖြိုးအောင် ၁၂/ဒဂမ(နိုင်)၀၅၆၂၅၅မှ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်စိုးသီတာအေး LL.B,WIPO (Switzerland)**
**အထက်တန်းရှေ့နေ၊ စဉ်-၄၈၁၇၀**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊(၁၃)ရပ်ကွက်၊**
**ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/8740, Honda Fit GD1,Station Wagon (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဆွေ ၁၂/ရပသ(နိုင်) ၀၀၀၈၅၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ ဗိုလ်ချိုလမ်း၊ မြေကွက်အမှတ်-၇၅၄၊ အလျား၄၀ပေX အနံ ၆၀ပေရှိ ဦးခင်မောင်ဇော် KLT-၀၀၄၈၉၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစား အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်၍ အကျိုးခံစားခွင့်ရှိသူ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံအဆိုပြုသူ ဒေါ်ဝင်းသစ်နွယ်(ဘ)ဦးမောင်မြင့် ၁၄/မမန(နိုင်)၁၅၄၆၀၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာမြင့်ဝင်း(LL.B,DBL,DML,DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ လူနေရပ်ကွက်အမှတ်(၆/၁၃)၊ ပုသိမ်ပန်းခြံလမ်း၊ မြေကွက်အမှတ်( ၁၃၅-က)ဟုခေါ်တွင်သော အလျား(၆၀)ပေXအနံ(၂၂ ၁/၂)ပေ၊ ဧရိယာ(၁၃၅၀)စတုရန်းပေ၊ (၀.၀၃၁)ကေအကျယ်အဝန်းရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ နှစ်(၆၀)ဂရန်အမည်ပေါက် ဦးအောင်ကျော်ဖြူ (CN-၀၀၀၀၁၅)ထံမှတစ်ဆင့် ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဒေါ်ယဉ်ယဉ်ဝင်း ၁၂/ရပသ(နိုင်) ၀၀၈၆၇၈မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ခန့် (LL.B) (စဉ်-၅၀၄၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၄၄၄၂၁၅၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ ပညာတန်ဆောင် (၂)လမ်း၊ မြေကွက်အမှတ်(၂၁၀)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဦးမျိုးမင်းဆန်း ၇/ပခန(နိုင်)၂၀၇၁၃၃ အမည်ပေါက် အလျား(၄၀ပေ x အနံ ၆၀ပေ)၊ ဧရိယာ (၂၄၀၀)စတုရန်းပေ မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသောမြေကွက်၏ (ဂရန်မူရင်း) (ခေါင်းရင်းခြမ်း) အမှတ် (၂၁၁)နှင့် ကပ်လျက်ဘက်ခြမ်း၊ အလျား (၂၀ပေ x အနံ၆၀ပေ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးမင်းဆန်းမှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုရောင်းချလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၃၅၁ (၁၃-၉-၂၀၁၂)**

**ဒေါ်မြတ်နိုးခင်(LL.B)**
**အထက်တန်းရှေ့နေ၊ စဉ်-၅၃၁၅၀(၃၀-၆-၂၀၂၀)**

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)ရပ်ကွက်၊ ဇေယျာအေးမြ(၂)လမ်း၊ မြေကွက်အမှတ်(၃၈၇/က)ဟုခေါ်တွင်သော မြေအလျားXအနံ(၂၀x၆၀)ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏မြို့မြေစာရင်းတွင် နှစ်(၆၀) မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းကျော် ၁၂/ဥကတ(နိုင်)၁၀၄၄၅၇ထံမှအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးညီညီလင်း ၁၂/ကတန(နိုင်)၀၉၀၈၆၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပိုးအိဖြူ ၁၂/ဒဂရ(နိုင်) ၀၅၁၁၁၃မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ရေဆင်း၊ နေပြည်တော်
## ဘွဲ့လွန်သင်တန်းသားများ ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း၊ နေပြည်တော်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မွေးမြူရေးပညာမဟာဘွဲ့သင်တန်း၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ရန်ရှိပါသဖြင့် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/ မိတ္တူတင်ပြနိုင်ရမည်။)

(ခ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်။

(ဃ) ဤတက္ကသိုလ်တွင် မွေးမြူရေးပညာမဟာဘွဲ့(M.A.Sc.) သင်တန်းနှင့် တိရစ္ဆာန်မဟာဆေး သိပ္ပံဘွဲ့ (M.V.Sc.)သင်တန်း တက်ရောက်နေဆဲ သင်တန်းသားများသည် ၃၀-၅-၂၀၂၅ ရက်တွင် သက်ဆိုင်ရာကျမ်းရေးသားပြုစုပြီးကြောင်း သက်ဆိုင်ရာပါမောက္ခ/ဌာနမှူး၏ ထောက်ခံစာတင်ပြနိုင်ပါက ပါရဂူဘွဲ့(Ph.D.) သင်တန်းကို လျှောက်ထားခွင့်ပြုမည်။

(င) မွေးမြူရေးပညာမဟာဘွဲ့(M.A.Sc.) သင်တန်းနှင့် တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc.) သင်တန်း များအတွက် သင်တန်းကာလ(၂) နှစ်နှင့် ပါရဂူဘွဲ့(Ph.D.) သင်တန်းကာလမှာ (၃)နှစ်ဖြစ်ပြီး သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်ရမည်။

(စ) မွေးမြူရေးပညာမဟာဘွဲ့(M.A.Sc.)သင်တန်းအတွက် ၂၀၂၄ ခုနှစ်အထိ B.A.Sc. ဘွဲ့ရရှိသူများ လျှောက်ထားနိုင်ပြီး လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ်(၆၅)မှတ် ရရှိရမည်။

(ဆ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့(M.V.Sc.)သင်တန်းအတွက် ၂၀၂၄ ခုနှစ်အထိ B.V.Sc./D.V.M. ဘွဲ့ရရှိသူများ လျှောက်ထားနိုင်ပြီး လျှောက်ထားသည့် အထူးပြုဘာသာရပ်တွင် အနိမ့်ဆုံး Grade-4 (သို့မဟုတ်) အမှတ်(၆၅)မှတ် ရရှိရမည်။

(ဇ) ဘာသာရပ်ဆိုင်ရာပါရဂူဘွဲ့သင်တန်းအတွက် B.V.S./B.V.Sc./D.V.M./B.A.Sc. အခြေခံဘွဲ့ရရှိ ထားပြီး သက်ဆိုင်ရာ Veterinary Science Subject/ Animal Science Subject တစ်ခုခုဖြင့် ပြည်တွင်းပြည်ပ တက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာ Master ဘွဲ့ရရှိရမည်။

(ဈ) အထက်ဖော်ပြပါအချက်များနှင့်ပြည့်စုံသူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ စစ်ဆေးမည့် ဘွဲ့လွန်သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ (အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာအထူးပြု ဘာသာရပ်)ကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်မှ ဘွဲ့လက်မှတ်(သို့မဟုတ်) ဘွဲ့ရထောက်ခံစာမူရင်းနှင့် မိတ္တူတို့ကို တင်ပြရမည်။

၄။ လျှောက်လွှာပုံစံများကို **၁၉-၅-၂၀၂၅ ရက် (တနင်္လာနေ့)**မှစ၍ သင်တန်းရေးရာဌာန၊ မွေးမြူရေး ဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် **၃၀-၅-၂၀၂၅ ရက် (သောကြာနေ့) ညနေ(၄:၀၀)နာရီ** နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| စဉ် | ဘာသာရပ် | ရက်စွဲ | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | ၁၂-၆-၂၀၂၅ ရက် (ကြာသပတေးနေ့) | နံနက်(၉)နာရီမှ မွန်းတည့်(၁၂)နာရီ |
| (ခ) | သက်ဆိုင်ရာ အထူးပြုဘာသာရပ် | ၁၃-၆-၂၀၂၅ ရက် (သောကြာနေ့) | နံနက်(၉)နာရီမှ မွန်းတည့်(၁၂)နာရီ |

၆။ ရေးဖြေစာမေးပွဲအောင်စာရင်းကို **၁၇-၆-၂၀၂၅ ရက် (အင်္ဂါနေ့)**တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများအား **၁၉-၆-၂၀၂၅ ရက် (ကြာသပတေးနေ့)**တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ လူတွေ့ စစ်ဆေးမည်။ ဘွဲ့လွန်သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို **၂၀-၆-၂၀၂၅ ရက် (သောကြာနေ့)**တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ထုတ်ပြန်မည်။

၇။ မွေးမြူရေးပညာမဟာဘွဲ့သင်တန်း၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်း များကို **၂၃-၆-၂၀၂၅ ရက် (တနင်္လာနေ့)**တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များ၊ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသား ဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက သင်တန်းရေးရာဌာန၊ မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၁၆၆၅၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvs.edu.mm တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅- ၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့် ထန်းခေါက်တောင်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ လုပ်ငန်းသုံးတံမြက်စည်းကြမ်းနှင့်ထန်းခေါက်တောင်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၁၄ - ၅ - ၂၀၂၅)(အင်္ဂါနေ့)

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** - (၂၇- ၅-၂၀၂၅)(အင်္ဂါနေ့) (၀၉ : ၃၀)မှ(၁၃ : ၃၀)နာရီအထိ

(ဂ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်** - (၂၈-၅-၂၀၂၅) (ဗုဒ္ဓဟူးနေ့)

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့် နေရာ** - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/- နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်အတွက် အမှိုက်သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် အသုံးပြုသော အမှိုက်သိမ်း(TC)သံကန် (အကြီး၊ အသေး)များ ပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အမှိုက်သိမ်း(TC)သံကန်(အကြီး၊ အသေး)များပြင်ဆင်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၁၄-၅-၂၀၂၅)(အင်္ဂါနေ့)

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** - (၂၉ - ၅ -၂၀၂၅) (ကြာသပတေးနေ့) (၀၉:၃၀)မှ(၁၃:၃၀)နာရီအထိ

(ဂ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေ့**- (၃၀-၅-၂၀၂၅)(သောကြာနေ့)

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့် နေရာ** - မန္တလေးမြို့တော် စည်ပင် သာယာရေးကော်မတီ သန့်ရှင်းရေးဌာန

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေး ဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သား/သမီး၏ အမည်ပြောင်း

ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်နေ ဦးဇာမဲဆားရ်ရမ် ၁/ပတအ(နိုင်)၀၄၅၄၃၆၏ သမီး အထကဒုတ္တန်ကျောင်း Grade-8မှ မသက်မွန်နန်အား မဇာမဲသက်မွန်နန် ဟု လည်းကောင်း Grade-5မှ မောင်ကျော်ဇောလင်းအား မောင်ဇာမဲဖုန်ဇီအောင်ဟုလည်းကောင်း၊ Grade-2မှ မမီမီအောင်အား မဇာမဲမီမီအောင်ဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုဦး ၁၀/ကထန(နိုင်)၀၄၈၁၂၁-(ဦးစိုးအောင်ကျော်အေး)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုဦး-(ဦးစိုး အောင်ကျော်အေး)တို့တွင် သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။ ထိုသားသမီး(၃) ဦးမှ သမီးအကြီးဆုံးဖြစ်သူ မစိုးမြတ်ရတနာအောင် ၁၂/လသယ(နိုင်)၀၆၉၄၁၉ သည် မိခင်၏ ဆိုဆုံးမမှုအတိုင်း လိုက်နာခြင်းမရှိဘဲ လွန်ခဲ့သော(၁)လမှ အိမ်ပေါ် မှ မိမိသဘောဆန္ဒ အတိုင်းဆင်းသွားခဲ့ပြီး ယနေ့အချိန်အထိ မိသားစုထံ တစ်စုံတစ်ရာ ဆက်သွယ်ခဲ့ခြင်းမရှိပါ။ ထို့အတွက် မစိုးမြတ်ရတနာအောင်၏ ကိုယ်ပိုင်သဘောဆန္ဒဖြင့် ပြုမူဆောင်ရွက်ခဲ့သော လုပ်ဆောင်ချက်များသည် မိဘ မောင်နှမများဖြင့်သက်ဆိုင်ခြင်း မရှိပါကြောင်းနှင့် သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် မစိုးမြတ်ရတနာအောင် နှင့် ပတ်သက်သည့် ကိစ္စအဝဝအား ဒေါ်ချိုချိုဦး-(ဦးစိုးအောင်ကျော်အေး)မိသားစုမှ မည်သည့် အ ကြောင်းကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရဲမြတ်နောင်(LL.B)(စဉ်-၃၆၄၁၈)**
**အမှတ်(၁၈၅)၊ လမ်း(၅၀)အထက်၊ ၇လွှာ(ဝဲ)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၅၆၂၀၁၇၃၊ ၀၉-၈၇၄၄၂၇၈၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/30846, Suzuki Smash-112, M/Cအား စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ ကိုကိုဇော် ၁၁/အမန(နိုင်) ၀၅၃၈၄၃က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(စစ်တွေ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6V/3758,Traulergi $B_2$ အမျိုးအစား လက်တွန်း(တွဲပါ) ယာဉ်လက်ဝယ်ရှိသူ ဦးဘိုတိုလွင် ၁၄/ပသန(နိုင်)၂၄၅၁၃၂က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ချင်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ ပြည်နယ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ပစ္စည်းတင်ဒါ၊ လုပ်ငန်းများအား လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်နယ်လုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ၏ ပစ္စည်း/ လုပ်ငန်းတင်ဒါအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၂၅ရက်၊ (ဗုဒ္ဓဟူးနေ့)

(ခ) **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ၂၃-၅-၂၀၂၅ရက်၊ (သောကြာနေ့)

(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက်/ အချိန်** - ၃၁ - ၅ -၂၀၂၅ရက်၊ (စနေနေ့) (၀၉:၃၀)မှ(၁၆:၀၀)နာရီအတွင်း

(ဃ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - လွှတ်တော်ရုံးအလယ်ထပ်

(င) **တင်ဒါဖွင့်မည့် နေရာ/ရက်/အချိန်** - ထပ်မံကြေညာပါမည်။

(စ) **တင်ဒါဖွင့်မည့် ရက်** - **ထပ်မံကြေညာပါမည်။**

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖုန်းနံပါတ်-09-402597377၊ 09-400456637တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## ကလောမြို့နယ်တရားရုံး
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

ဦးဇော်ဝင်း **(တရားလို)** နှင့် ဒေါ်သန်းသန်းဌေး **(တရားပြိုင်)**

ကလောမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရွှေမြောင်တောင်ကြားရပ်နေ တရားပြိုင် ဒေါ်သန်းသန်းဌေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဇော်ဝင်းက အိမ်နှင့်မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လင်းကိုကိုဟိန်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ကလောမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကဝမြို့၊ ဖလေးကျေးရွာအုပ်စု၊ ကုန်းကြီးကျေးရွာရှိ အကျယ် အဝန်း (၉၀X၁၀၀)ပေရှိသောမြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မူလပိုင်ရှင် ဦးတင်စိန် ၇/ကဝန(နိုင်)၀၈၆၃၅၂ထံမှ (၉-၇-၂၀၁၃)ရက်က ဒေါ်ရီရီမြင့် ၇/ကဝန(နိုင်)၀၄၅၅၈၆က ဝယ်ယူကာ ယနေ့အထိ လက်ရှိထားနေထိုင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ မေတ္တာဖြင့် အပိုင်ပေးကမ်းထားခြင်းမရှိကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ရီရီမြင့်**
**၇/ကဝန(နိုင်)၀၄၅၅၈၆**
**ကုန်းကြီးကျေးရွာ၊ ဖလေးကျေးရွာအုပ်စု၊ ကဝမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၃၂)လမ်း၊ မြေကွက်အမှတ်(L-၆၈)၊ ဒေါ်အုန်းကြည် အမည်ပေါက် အလျား x အနံ (၄၀x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခိုင်ခိုင်လှ ၁၂/သလန(နိုင်)၀၀၂၁၈၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အိအိသွင် ၆/မအရ(နိုင်)၀၀၂၂၆၁က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများ နှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)** (စဉ်-၁၄၆၆၈) **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)** (စဉ်-၁၈၇၂၆)

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၃၂)လမ်း၊ မြေကွက်အမှတ်(L-၆၈)၊ ဒေါ်အုန်းကြည် အမည်ပေါက် အလျားx အနံ (၄၀ x ၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခိုင်ခိုင် လှ ၁၂/သလန(နိုင်) ၀၀၂၁၈၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အိအိသွင် ၆/မအရ(နိုင်)၀၀၂၂၆၁က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)** (စဉ်-၁၄၆၆၈) **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)** (စဉ်-၁၈၇၂၆)

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၇၉၇၀၇၅၃၁၂**

## ဖခင်အမည်မှန်

ပူတာအိုမြို့ အထက ဒုတ္တန်ကျောင်း Grade-8မှ မသက်မွန်နန်၊ Grade-5မှ မောင်ကျော်ဇောလင်း၊ Grade-2မှ မမီမီအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဇာမဲဆားရ်ရမ် ၁/ပတအ(နိုင်)၀၄၅၄၃၆ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးသံချောင်း၏သမီး ရမည်းသင်းမြို့၊ ထနောင်းကုန်းကျေးရွာအုပ်စု ထနောင်းကုန်းကျေးရွာနေ မထွေးထွေးငယ် ၉/ရမသ(နိုင်) ၁၈၂၉၆၉၏ မွေးသက္ကရာဇ် အမှန်မှာ ၃-၃-၁၉၉၈ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

အဝေးသင်တက္ကသိုလ်(တောင်ငူမြို့) တတိယနှစ်(သင်္ချာ)မှ မချစ်အားပို၏ မိခင်အမည်မှန်မှာ ဒေါ်စမ်းစမ်းနွယ် ၇/ဖမန(နိုင်)၁၁၉၅၇၉ ဖြစ်ပါကြောင်း။

**ဒေါ်စမ်းစမ်းနွယ်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/2023 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/9571 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/69766, Zong Shen 250 NC M/Cယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဦး ၉/မနတ(နိုင်) ၀၇၈၄၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/7058, SUZUKI EVERY QAC4V DELIVERY VAN (4x2)R ယာဉ်လက်ဝယ်ရှိသူ NV THWE SHWE EAIN TRADING CO.,LTDက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြစ်ကြီးတက္ကသိုလ်
## ပါရဂူ(PhD)သင်တန်းသားများခေါ်ယူခြင်း

၁။ မြစ်ကြီးနားတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

(က) အင်္ဂလိပ်စာ
(ခ) ဥပဒေပညာ
(ဂ) ရူပဗေဒ
(ဃ) ရုက္ခဗေဒ

၂။ ပါရဂူဘွဲ့ (PhD)သင်တန်း တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၂၅ခုနှစ်၊ ဇွန်လ(၁)ရက်တွင် အသက်(၄၅)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီ မေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည်(ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ် ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြ ရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများ ဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃) နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီ မေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင် မြင်ရမည်။
(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်)ယင်းနှင့် အဆင့်တူ သင်ကြားရေးရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး၊ မဟာဘွဲ့ကိုCGPA 4.5 နှင့် အထက်ရရှိသူ(သို့မဟုတ်) အနည်းဆုံးမဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသန လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူဖြစ်ရမည်။

၃။ မြစ်ကြီးနားတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၂၅ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မြစ်ကြီးနားတက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

| | | | |
|---|---|---|---|
| (က) | ၂၂-၅-၂၀၂၅ (ကြာသပတေးနေ့) | ၀၉:၀၀နာရီမှ ၁၂:၀၀နာရီ | သက်ဆိုင်ရာ ဘာသာရပ် |
| (ခ) | ၂၃-၅-၂၀၂၅ (သောကြာနေ့) | ၀၉:၀၀ နာရီမှ ၁၂:၀၀နာရီ | အင်္ဂလိပ်စာ ဘာသာရပ် |

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၂၉-၅-၂၀၂၅ရက်နေ့ (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ(ဌာနမှူး) များထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနမှူး/မော်ကွန်းထိန်း(ဖုန်းနံပါတ်-၀၉-၄၀၀၀၂၁၁၂၀၊ ၀၉-၂၆၀၁၅၉၄၇၂)တို့ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး/မော်ကွန်းထိန်း(သင်တန်းရေးရာ)**
**မြစ်ကြီးနားတက္ကသိုလ်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်အတွင်း NCB S&I-DRD-6 ဖြင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကောင်ထည်ဖော်ဆောင်ရွက်မည့် အိမ်သုံးဆိုလာစနစ်၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များမှ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် အမျိုးအမည် | တည်နေရာ | Lot No |
|---|---|---|
| (က) အိမ်သုံးဆိုလာစနစ်လုပ်ငန်းများ | ပြည်ထောင်စုနယ်မြေ (နေပြည်တော်) | Lot-1 |
| (ခ) အိမ်သုံးဆိုလာစနစ်လုပ်ငန်းများ | ရှမ်းပြည်နယ်တောင်ပိုင်း | Lot-2 |
| (ဂ) အိမ်သုံးဆိုလာစနစ်လုပ်ငန်းများ | ရှမ်းပြည်နယ်အရှေ့ပိုင်း | Lot-3 |
| (ဃ) အိမ်သုံးဆိုလာစနစ်လုပ်ငန်းများ | ဧရာဝတီတိုင်းဒေသကြီး | Lot-4 |
| (င) အိမ်သုံးဆိုလာစနစ်လုပ်ငန်းများ | ဧရာဝတီတိုင်းဒေသကြီး | Lot-5 |

၂။ တင်ဒါအဆိုပြုလွှာများကို(၃-၆-၂၀၂၅)ရက်၊ နံနက်(၁၀:၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်(တယ်လီဖုန်း အမှတ်- ၀၆၇-၃၄၁၈၆၃၃)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ သီးသန့်(၁)ရပ်ကွက်၊ (၂)လမ်း၊ အိမ်အမှတ် (၇၅) ရှိ (၂၀x၆၀)ပေ ကျယ်ဝန်းသော မြေကွက် (၁)ကွက်နှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော (၁)ထပ်နေအိမ်(၁)လုံးအပါအဝင် မြေပေါ်မြေ အောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် (ဘ) ဦးကျင်မောင်၏သမီးများဖြစ်သော ဒေါ်သန်းနွဲ့၊ ဒေါ်မြင့်မြင့်မော်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက(၁၉-၅-၂၀၂၅)ရက်တွင် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သီသီအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၁၄/၂၀၂၀)**
**ဖုန်း-၀၉-၇၉၁၈၄၉၀၀၈**

## အများသိစေရန် ကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၊ ခေတ်အေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၅၃၈)၊ မယ်ဇလီအိုင်ကွင်း၊ ဦးပိုင်/မြေကွက်အမှတ်(၃+၁၉/၁)ရှိ မြေဧရိယာ(၆ဒသမ၈၆)ကေအား "ရတနာပုံဆီစက်ရုံ(နေပြည်တော်)" လုပ်ကိုင်ဆောင်ရွက်ရန်အတွက် လယ-၃၀(ခ)ခွင့်ပြုမိန့် ရရှိပြီးဖြစ်ပါ၍ စက်မှု/စီးပွားမြေငှားဂရန် ခွင့်ပြုချထားပေးနိုင်ပါရန် ဦးထွန်းထွန်းဝင်း+ဒေါ်ဒါလီ ၁၃/တကန(နိုင်) ၁၄၁၆၃၁+၉/မနတ(နိုင်) ၁၀၁၀၀၉တို့မှ လျှောက်ထားလာမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပုဗ္ဗသီရိမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက် ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်လာမှုမရှိပါက မြေယာစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုဗ္ဗသီရိမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/8906, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မင်းသူ ၁၄/ပပတ(နိုင်)၁၆၆၀၆၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၉၆၇၈၂ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအေးချမ်းအောင် ၁၀/ခဆန(နိုင်) ၀၇၈၆၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၁၄၉၀၅ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအေးချမ်းအောင် ၁၀/ခဆန(နိုင်) ၀၇၈၆၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၉၉၄၆၉ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ရင် ၁၀/မလမ(နိုင်)၀၁၂၂၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀.၀၅၅ဧကရှိ ဒေါ်လှလှမြင့် ၁၂/မဂတ(နိုင်)၀၅၃၅၀၆(ဘ)ဦးလှမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၉၆၇)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၅၉/၂၀၁၆ (၃၁-၈-၂၀၁၆)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးလှိုင်မင်း ၈/တတက(နိုင်)၀၉၀၃၆၄(ဘ) ဦးကျော်သောင်းမှ ဒေါ်စန်းဌေး ၁၄/ကပန(နိုင်)၁၅၃၂၈၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်(၁၃/ခ)နယ်မြေ၊ အေးသာယာရပ်ကွက်၊ ဗဟို(၃၄)လမ်း၊ ကွင်းအမှတ်(၆၇၂/A)၊ ကျောင်းကုန်းမြောက်ကွင်း၊ မြေကွက်အမှတ်(K-၈၅)ဟု ခေါ်တွင်သော အလျားxအနံ(၄၀x၆၀)ပေအကျယ်ရှိ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဒေါ်မြင့်မြင့်စိန်အမည်ဖြင့် ချထားပေးသော စလစ်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံတက်ပြုပြောဆိုသူ ဦးကျော်နိုင်ဦး(ဘ)ဦးညိုမောင် ၅/ဒပယ(နိုင်)၀၆၇၂၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဝေမွန်(ဘ)ဦးဝင်းကြည် ၁၂/ဗဟန(နိုင်)၀၈၉၁၇၈က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်နှင့်ပတ်သက်သော ခိုင်လုံသည့်စာရွက်စာတမ်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားပြည့်စုံစွာဖြင့် မည်သူမဆို ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ကာ မြေကွက်ကိုလက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝေမွန်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းနှင်းထွေး(LL.B) (စဉ်-၂၄၉၆၈) အထက်တန်းရှေ့နေ**
**အမှတ်(F-၅၁)၊ သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၂၅၀၀၁၂၈၀၁**

## ကန့်ကွက်နိုင်ပါသည်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေပြည်သာတိုးချဲ့ကွက်သစ်၊ အမှတ်(၂၁၃၀)မြေပေးမိန့်မှာ ပျက်စီးပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့် ပြန်လည်တင်ပြ လျှောက်ထားမည်ဖြစ်ရာ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဒေါ်လီစိုး**
**၁/မကန(နိုင်)၀၁၄၆၄၇**
**အမှတ်(၃၇၂)၊ ခေမာသီရိရပ်ကွက်**
**မြစ်ကြီးနားမြို့**

## ဒေါ်ခင်သန္တာ ၁၂/ ဗတထ(နိုင်)၀၀၁၁၆၂နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှခိုင်(ဘ)ဦးကျော်ညွန့် ၉/မမန(နိုင်) ၁၅၈၇၂၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မလမ်း၊ အမှတ် (၄၂၀/ခ)တွင် နေထိုင်သူ ဒေါ်လှလှခိုင်သည် အိမ်ထောင်မရှိသူ အပျိုကြီးဖြစ်ပြီး ၎င်းပိုင်ဆိုင်သည့်နေအိမ်တွင် တစ်ဦးတည်းနေထိုင်သူဖြစ်ကြောင်း၊ ၎င်း၏တူမ နှစ်ဝမ်းကွဲတော်စပ်သူ ဒေါ်ခင်သန္တာမှ ဒေါ်လှလှခိုင်၏ သဘောတူညီချက် တစ်စုံတစ်ရာမရရှိဘဲ စာချုပ်စာတမ်းများပေါ်တွင် အတင်းအကြပ် လက်မှတ်ရေးထိုးစေခိုင်းခဲ့ပြီး မည်သည့်စာချုပ်စာတမ်းများဖြစ်သည်ကိုမသိရှိဘဲ ဒေါ်လှလှခိုင်မှ လက်မှတ်ရေးထိုးပေးခဲ့ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ခင်သန္တာ၏လက်ဝယ်၌ကိုင်ဆောင်ထားသော ဒေါ်လှလှခိုင် လက်မှတ်ရေးထိုးထားသည့်စာချုပ်သည် တရားမဝင်ပျက်ပြယ်သော စာချုပ်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ ယခုအခါ ဒေါ်ခင်သန္တာမှ အဆိုပါစာချုပ်အား လက်ဝယ်ကိုင်ဆောင်ပြီး ဒေါ်လှလှခိုင် နေထိုင်ပိုင်ဆိုင်သည့် မြေနှင့်အိမ်အား အတင်းအကြပ်အပြီးအပိုင် ရောင်းချစေခိုင်းခဲ့ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဆူပူကြိမ်းမောင်းခြင်း၊ အမျိုးမျိုးစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူဆောင်ရွက်ခြင်း၊ အရှက်တကွဲဖြစ်အောင် ပြုမူဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ယနေ့သတင်းစာကြော်ငြာပါဝင်လာသည့်ရက်မှစ၍ အထက်ပါ အလားတူ အပြုအမူမျိုးလာရောက် ပြုလုပ်မည်ဆိုပါက ဥပဒေကြောင်းအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **မအူပင် ဦးစိုးမြင့် (LL.B)** | **ဒေါ်လင်းနန္ဒာထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၅၁)** |

**တိုက် - ၉/၁၁၊ အခန်း ၁၀၃(E)၊ ပထမထပ်၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- 09-254021519, 09-796213374, 09-443161825**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်-(၁၂)၊ မာဃ(၈)လမ်း၊ မြေကွက်အမှတ်(၇၉၂)ရှိ(၄၀ပေx၆၀ပေ)ကျယ်သော နှစ်(၆၀)ဂရန်မြေကွက်သည်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ဒေါ်အုံးကြည်(AC-၁၂၅၁၉၆)၊ ဒေါ်လှရှိန်(TKI-၀၈၆၂၃၄)၊ ဦးလှသိန်း(S/OKA-၀၅၀၀၄၇) အမည်ဖြင့်မှတ်သား တည်ရှိပြီး ယင်းမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းအစွန်ဆုံး အခြမ်းရှိ ၁၀ပေx၆၀ပေ)ကျယ်သောမြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေမီးအပြည့်အစုံပါ လုံးချင်းနေအိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ်အစပ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းကြည်ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးတော်စပ်သူ ဒေါ်ညိုညိုဝင်း ၁၂/ဥကမ(နိုင်)၁၁၃၈၅၃က မိသားစု အမွေစီမံမှုစာချုပ်အရ ပိုင်ဆိုင်လက်ဝယ်ထားရှိသဖြင့် အရှုပ်အရှင်းကင်းရှင်းကာ မိမိတွင်သာလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဦး ၁၂/လမတ(နိုင်)၀၀၉၁၇၅က အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်နှင့်မြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ထက်ထက်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊မာဃ(၁၀)လမ်း၊(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၃၇၃၆၁၆၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကရင်ကုန်း-မြင်းလမ်း၊ အိမ်အမှတ် (၉၀၆)နေ(ဘ)ဦးဝင်းလှိုင်၏ သားဖြစ်သူ အမည်မှာ ဦးမျိုးမင်းဝင်းလှိုင်နှင့် ဦးမိုးမင်းဝင်းလှိုင် ၁၂/အစန(နိုင်)၀၀၁၉၅၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် (ဘ)ဦးပါးလို၏ သမီးဖြစ်သူအမည်မှာ ဒေါ်နော်ချာနားနှင့် ဒေါ်သန္တာ ၁၄/ပပတ(နိုင်) ၁၇၅၇၈၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမျိုးမင်းဝင်းလှိုင်(ခ)**
**ဦးမိုးမင်းဝင်းလှိုင်**
**ဒေါ်နော်ချာနား(ခ)ဒေါ်သန္တာ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/2684 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး၊မော်လမြိုင်**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/7697 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RAIII/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၁၀၂-ဃ/၂)၊ မြေဧရိယာ (၀.၂၀၀ )ဧကရှိ မြေကွက်အား စက်မှုစီးပွား-မြေငှားဂရန်အမည်ပြောင်းလျှောက်ထားနိုင်ရေး ဦးစိုးလင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် **အဆောက်အအုံတည်ဆောက်ခြင်းနှင့် ပြုပြင်/မွမ်းမံခြင်းလုပ်ငန်း** ဆောင်ရွက်လိုပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရကုမ္ပဏီများနှင့်လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဆောင်ရွက်ရမည့်လုပ်ငန်းများ**
